The Mirror

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ တနင်္လာနေ့၊ (27-4-2009) (၆၀၂၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၇

၂၀၀၉ ခုနှစ် ဧပြီ ၂၇ရက်တွင်ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ခါလေမာ မော့လမ်တေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲနှင့် အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်

ရန်ကုန် ဧပြီ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ယမန်နေ့နံနက် ၇နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ စင်မကော်ကျေးရွာအဝင်ရှိ စင်မကော်-တံတားကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ရောက်ရှိသည်။

ထို့နောက် မှခ်ဦးအနီး၌ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရပ်မိရပ်ဖတစ်ဦးတို့က စင်မကော်-တံတားကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စင်မကော်အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပရာ တိုင်းမှူး၊ ခရိုင်ဥက္ကဋ္ဌနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့**○

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်လမ်းအပိုင်း) လမ်းအသုံးပြုခများ မေလကုန်မှစတင်၍ ကောက်ခံမည်

လမ်းအသုံးပြုခကောက်ခံသည့်အခါ Pre Paid Card စနစ်ဖြင့် ငွေကြိုတင်ပေးသွင်းနိုင်သည်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ခရမ်းစိုးမြင့်

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း) ကို ၂၅-၃-၂၀၀၉ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီး ထိုနေ့မှစ၍ ၂၉-၄-၂၀၀၉ ရက်နေ့အထိ စမ်းသပ်မောင်းနှင်ကာလအဖြစ် လမ်းအသုံးပြုခပေးစရာမလိုဘဲ ဖြတ်သန်းမောင်းနှင်နိုင်မည်ဖြစ်သည်။ ၃၀-၄-၂၀၀၉ ရက်နေ့မှစ၍ လမ်းအသုံးပြုခ ကောက်ခံသွားမည် ဖြစ်သည်။ လမ်းအသုံးပြုခ ကောက်ခံသည့်အခါတွင် Pre Paid Card စနစ်ဖြင့် ငွေကြိုတင်သွင်းထားနိုင်ကြောင်း သိရသည်။ ထိုကဲ့သို့ ငွေကြိုတင်သွင်းထားပါက ဂိတ်တွင် ကားကိုရပ်ပေးရန်မလိုဘဲ ကီလိုမီတာ ၂၀အမြန်နှုန်းဖြင့် ဖြတ်သန်းမောင်းနှင်နိုင်မည် ဖြစ်သည်။

Pre Paid Card စနစ်ဖြင့် ငွေကြိုတင်ပေးသွင်းပြီး ဖြတ်သန်းမောင်းနှင်နိုင်မှုနှင့်ပတ်သက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ သွားရောက်မေးမြန်းပြီး သိရှိသမျှကို ပြည်သူများ သိရှိနိုင်စေရန် ပြန်လည်ရေးသား ဗဟုသုတမျှဝေလိုက်ပါသည်။

ကြိုတင်အခပေးစနစ်ပြုလုပ်ပုံမှာ ငွေကောက်ခံရေးစခန်းတိုင်းရှိ အရောင်းကောင်တာတွင် Pre Paid Card ကို ဝယ်ယူပြီး ယင်းကတ်၌ မိမိသွားလိုသောခရီးအတွက် အသုံးပြုခတန်ဖိုးကို ထည့်သွင်းရမည်ဖြစ်သည်။ Pre Paid Card ၏ သက်တမ်းမှာ ရည်ရွယ်ချက်ဖြင့် ဖျက်ဆီးခံရမှုမှအပ ငါးနှစ်အထိ မပျက်စီးနိုင်ပါ။ ကတ်အသုံးပြုခွင့် ကုန်ဆုံးသွားပါက ငွေကုန်သွားသောကတ်တွင် ငွေကြေးထပ်မံဖြည့်တင်းသောစနစ် (Top up)ပြုလုပ် အသုံးပြုနိုင်ပြီး Top up ထပ်မံဖြည့်တင်းငွေကို ရောက်ရှိသည့် ငွေကောက်ခံရေးစခန်းတွင် ဖြည့်တင်းပေးနိုင်သည်။

အသုံးပြုပုံစနစ်မှာ Pre Paid Card ကို ယာဉ်၏ ရှေ့လေကာမှန်ပေါ်တွင် (ပုံပါအတိုင်း) တပ်ဆင်ရမည်ဖြစ်ပြီး **စာမျက်နှာ၈ကော်လံ ၁သို့** ❒

၂၉-၄-၂၀၀၉ရက်နေ့အထိ စမ်းသပ်မောင်းနှင်ကာလအဖြစ် ခွင့်ပြုပေးထားသဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း)တွင်လမ်းအသုံးပြုခပေးစရာ မလိုဘဲယာဉ်များဖြတ်သန်းမောင်းနှင်နေသည်ကို တွေ့ရစဉ်။



Pre Paid Card ကို ယာဉ်၏ ရှေ့လေကာမှန်ပေါ်တွင် တပ်ဆင်ထားပုံ။

ကြေးမုံ The Mirror
၂၇-၄-၂၀၀၉
(တနင်္လာနေ့)

မိုးကြိုဂုန်လျှော်၊ ချည်ပေါင်လျှော် အချိန်မီစိုက်ပျိုး

နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဒေသ၏ ရေမြေ အခြေအနေပေးမှုနှင့်အညီ အကောင်အထည်ဖော်လျက်ရှိသည်။ ဆည်တမံ၊ ရေထိန်းတံခါး၊ ရေပေးတူးမြောင်းများ တိုးတက်တည်ဆောက်ပေးထားမှုကြောင့် ရေသွင်းစိုက်ပျိုးနိုင်သည့်ဧရိယာ များပြားလာသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာမှုနှင့်အတူ ဝင်ငွေလည်း တိုးတက်ရရှိနေကြသည်။

တောင်သူလယ်သမားများ ဝင်ငွေတိုး အကျိုးရှိစေရေးအတွက် ဂုန်လျှော်နှင့် ချည်ပေါင်လျှော်တို့ကို စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးကြရမည်ဖြစ်သည်။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချည်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးကြရမည်ဖြစ်သည်။

မိုးကြိုဂုန်လျှော်နှင့် ချည်ပေါင်လျှော်ကို စိုက်ပျိုးရာတွင် ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက် ထွန်ယက်ကြရသည်။ စိုက်ပျိုးရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းရေး သတိပြုကြရမည်ဖြစ်သည်။ ထို့အပြင် မြေခံမြေဩဇာအဖြစ် သဘာဝမြေဩဇာ တစ်ဧကလျှင် လှည်းငါးစီးမှ ၁၀စီးအထိ မဖြစ်မနေထည့်သွင်း သုံးစွဲကြရန်နှင့် ယူရီးယား ဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ ၅ ကီလိုကိုလည်း ထည့်ပေးကြရမည်ဖြစ်သည်။

သီးနှံများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့် ရွေးချယ်အသုံးပြုရေးသည် အဓိကအရေးပါသည်ဖြစ်ရာ အပင်ပေါက်ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသောမျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချည်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲကြရမည်ဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် ဂုန်လျှော်နှင့် ချည်ပေါင်လျှော်များကို အစိုဓာတ်အချိန်မီအောင် စိုက်ပျိုးခြင်း၊ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးကြရမည်ဖြစ်သည်။ ပိုးမွှားအန္တရာယ်ကင်းရေးနှင့် ပုရစ်အန္တရာယ်ကင်းစေရေးအတွက် စိုက်ခင်းအနီး၌ အမှိုက်သရိုက်များကို မီးရှို့ကြရမည်ဖြစ်သည်။

ဂုန်လျှော်နှင့် ချည်ပေါင်လျှော်တို့သည် ဈေးကွက်ရှိသော သီးနှံများဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် နီးစပ်ရာ ဂုန်လျှော်နှင့်လျှော်မျှင်များလုပ်ငန်းဌာန ဒေသရုံးများနှင့် ဆက်သွယ်၍ နည်းပညာအကူအညီရယူခြင်း၊ မိုးကြိုရာသီချိန်အမီ ကြိုးပမ်းစိုက်ပျိုးကြခြင်းဖြင့် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း ဂုန်လျှော်နှင့် ချည်ပေါင်လျှော်များ ထွက်ရှိလာမည်ဖြစ်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	**“မြန်မာ့ကျောက်မျက်ရတနာများဖြင့် ဖော်ကျူးထားတဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်”**
၈း၀၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၀	၇။	အတီးပြိုင်ပွဲ
၈း၂၀	၈။	တေးဂီတအစီအစဉ်
၈း၃၅	၉။	International News
၈း၅၀	၁၀။	**“မီးမီးရဲ့ဆုံးဖြတ်ချက်” (နေအောင်၊ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]**
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၃၀	၄။	**“စက်မှုကုန်ကြမ်းသီးနှံရော်ဘာ” (အပိုင်း-၁)**
၄း၄၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၅၅	၆။	တေးဂီတအစီအစဉ်
၅း၀၅	၇။	**အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)**
၅း၂၀	၈။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅	၉။	အဆိုပြိုင်ပွဲ
၅း၃၀	၁၀။	မြန်မာစာမြန်မာစကား
၅း၅၀	၁၁။	နှောင်းခေတ်တေးပဒေသာ
၆း၀၀	၁၂။	ညနေခင်းသတင်း
၆း၃၀	၁၃။	မိုးလေဝသအခြေအနေ
၆း၃၅	၁၄။	ဆိုကြမယ်၊ပျော်ကြမယ်
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ “နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ” (အပိုင်း-၂၈)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့သံစဉ်” (အပိုင်း-၁၀)**
	၂၀။	အစီအစဉ်ပြီး၏။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဦးအောင်သောင်း တောင်သာမြို့နယ် ကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဧပြီ ၂၄ရက် နံနက် ၉နာရီခွဲတွင် တောင်သာမြို့နယ် ရုံးစည်ကြီးကျေးရွာ တိုက်နယ်ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ပြည်သူများနှင့် တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များနှင့် ကျေးရွာလုံးကျွတ် အိမ်တိုင်းမီးလင်းနိုင်ရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ပန်းပေါင်းကျေးရွာ၌ ရေခါး၊ ညောင်ခြေထောက်၊ ထန်းပေါက်ကုန်း၊ ပေါက်ကန်၊ ပန်းပေါင်း၊ ချောင်းဝင်၊ အေးကျင်း၊ ထောက်ရှာကျင်း၊ ညောင်ကုန်းနှင့် မကြီးကုန်းကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာများ မီးလင်းနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ပေးပြီး ပန်းပေါင်းချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ကျောက်ကာတောင်ကုန်းကျေးရွာ၌ ဒေသခံများနှင့် တွေ့ဆုံပြီး ပုခက်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ထို့နောက်ဝန်ကြီးသည် ရှောက်ပင်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲသို့ တက်ရောက်ပြီး ပင်မစက်ခလုတ်ကို ဖွင့်လှစ်ပေးကာ မီးလင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဝန်ကြီးသည် ယမန်နေ့ နံနက် ၇နာရီတွင် မကြီးချိုကျေးရွာ၌ မကြီးချို၊ ဆည်တော၊ တမာကုန်း၊ ကိုးပင်စင်၊ ဆီဆုံကုန်း၊ နဘူးကျင်း၊ ကျောက်တလုံး၊ ကုန်းသာ၊ အရာတော်နှင့် ဆယ်ပြားကျေးရွာများမှ ဒေသခံများနှင့် တွေ့ဆုံပြီး မီးလင်းရေး၊ ပညာရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ် ပန်းပေါင်းကျေးရွာ၌ LED မီးအိမ်များပေးအပ်လှူဒါန်းစဉ်။

(စက်မှု-၁)

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း အနှစ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ အနှစ်(၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပရာ သဘာပတိ ဦးခင်မောင်သွင်(AFP)က အဖွင့်အမှာစကားပြောကြားပြီး နှစ်ပတ်လည်အစီရင်ခံစာကို အသင်းဥက္ကဋ္ဌ ဦးစပ်ကိုင်ဖ (Mainichi)က လည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို အသင်းအတွင်းရေးမှူး ဦးသစ္စာလှထွေး (TBS)က လည်းကောင်း တင်ပြကြရာ အသင်းက အတည်ပြုသည်။

ထို့နောက် ၂၀၀၉-၂၀၁၀ ပြည့်နှစ်အတွက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယကအဖြစ် ဦးလှထွေး (Nihon Keizai Shimbun)၊ ဥက္ကဋ္ဌအဖြစ် ဦးစပ်ကိုင်ဖ (Mainichi)၊ ဒုတိယဥက္ကဋ္ဌအဖြစ် Mr. Zhang Yunfei (Xinhua)၊ အတွင်းရေးမှူး ဦးသစ္စာလှထွေး (TBS)၊ တွဲဖက်အတွင်းရေးမှူး ဦးမြတ်သူရ (Kyodo News)၊ ဘဏ္ဍာရေးမှူး ဦးဟန်ထွေးအောင် (TV Asahi)နှင့် စာရင်းစစ် ဦးမင်းဇော် (Tokyo Shimbun)တို့အား ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် နာယက ဦးလှထွေးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ အထူးဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်း၏ ဂုဏ်ထူးဆောင် အသင်းဝင်များဖြစ်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Yasuaki Nogawa၊ ဦးသိန်းထွန်း (ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ) နှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ အနှစ် (၂၀) မြောက် နှစ်ပတ်လည် အစည်းအဝေးကို ရန်ကုန်မြို့ Chatrium Hotel၌ ကျင်းပစဉ်။

(သတင်းစဉ်)

ဥတုရာသီ တောကို မှီ၏

ကိုယ်အင်္ဂါမသန်စွမ်းသူများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းက ကြီးမှူး၍ ကိုယ်အင်္ဂါမသန်စွမ်းသူများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ရက် နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲတွင် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်များ၊ သူနာပြုဆရာ၊ ဆရာမများ၊ အကြောအဆစ်ကျွမ်းကျင်သူများ၊ မသန်စွမ်းအထောက်အကူပြုပစ္စည်းကျွမ်းကျင်သူများပါဝင်ကြရာ မသန်စွမ်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင် လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းရုံး အမှတ်(၅၁) ညောင်တုန်းလမ်း ကျွန်းတော(တောင်)ရပ်ကွက် စမ်းချောင်းမြို့နယ် ဖုန်း-၅၁၈၂၀၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ဝ၄)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့ ကျောက်တန်းမြို့နယ် စင်မကော်-တံတား ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

○ ကာကွယ်ရေးမှ

ရပ်မိရပ်ဖတစ်ဦးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စင်မကော်-တံတား ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲနှင့် စင်မကော်အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက စင်မကော်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်တာဝန်ရှိသူများထံ ရပ်မိရပ်ဖတစ်ဦးက ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်သည်။

ထို့နောက် ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တံတားမြို့ အုပ်ချုပ်ရေးမှူးက လက်ထောက်မြို့နယ်ပညာရေးမှူးထံပေးအပ်ပြီး တိုင်းမှူးက သုတရိပ်မွန်စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်သည်။

ဆက်လက်၍ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က ကျေးရွာများအတွက် ဘိုင်အို ဘက်ထရီနှင့်မီးသီးများကို တာဝန်ရှိသူများထံ ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ ဆက်လက်၍ ကျေးရွာသောက်သုံးရေကန် ပြုပြင်ထားမှုနှင့် သုတရိပ်မွန် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စာအုပ်၊ စာစောင်များကို တာဝန်ရှိသူများထံပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့သည် ကျေးလက်ဆေးပေးခန်း၊ ကျေးလက်ဆေးပေးခန်း ဝန်ထမ်းအိမ်ရာနှင့် မှော်ဝန်းချောင်း ရေစီးရေလာ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ

ဆိပ်ကြီး ခနောင်တိုမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ရှုခင်းသာမြို့ပတ်လမ်း ကွန်ကရစ်လမ်းခင်းကျင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနနှင့် (လမ်းနှင့်တံတား)ဌာနတို့မှ တာဝန်ရှိသူများက သောက်သုံးရေရရှိမှုအတွက် ဆောင်ရွက်နေမှုများနှင့် လမ်းနှင့်တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယမြို့တော်ဝန်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆိပ်ကြီးခနောင်တိုမြို့နယ် အနောက်ရပ်ကွက်ရှိ အောင်မင်္ဂလာကန်တူးဖော်နေမှုနှင့် သဘော်ဆိပ်အတက်အဆင်း လမ်းပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်သည် မြို့နယ်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်အာဖရိက နိုင်ငံခြားရေးဝန်ကြီးထံ ဝန်ကြီးဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၀၉ ခုနှစ် ဧပြီ၂၇ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တောင်အာဖရိကသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ နိုစဇာန ဒလာမိနီ ဇူးမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

အထက(၁) သဃ်န်းကျွန်း ၁၉၈၅-၁၉၉၀ ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကျင်းပရေးအတွက် ကျောင်းသားဟောင်းတစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သဃ်န်းကျွန်း အထက (၁) မြတ်ဆရာပူဇော်ပွဲအတွက် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၁၉၈၅ ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း သပြေခန်းမဆောင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်၊ မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ နာယက ဆရာကြီးဦးကြည်ထွန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြတ်ဆရာပူဇော်ပွဲကျင်းပရေးအတွက် ကျောင်းသား၊ ကျောင်းသူများမှ လှူဒါန်းသော စုစုပေါင်း ငွေကျပ် ၆၈၆၅၀၀၀ ကို တာဝန်ရှိသူများက အသီးသီးလက်ခံကြသည်။ မြတ်ဆရာပူဇော်ပွဲအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို မေ ၂ရက် နံနက်၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော ကျောင်းသားကျောင်းသူဟောင်းများသည် ဦးတင်ထွန်း ဖုန်း-၅၆၁၄၅၅၊ ၀၉၅၁၁၁၃၃၀၊ ဦးမိုးမြင့် ဖုန်း-၀၉၅၀ ၅၀၅၃၃၊ ဦးဆန်းလင်း ဖုန်း-၀၉၅၅ ၀၀၁၀၁၊ ဦးသိန်းဒန် ဖုန်း-၀၉၅၁ ၂၈၂၂၅၊ ဗိုလ်မှူးစိုးအောင်(ငြိမ်း)ဖုန်း-၅၆၄၃၀၁၊ ဦးအောင်ခိုင်မိုး ဖုန်း-၀၉၅၀၃၃၃၀၄၊ ဦးကျော်ဆန်း ဖုန်း-၅၇၃၅၇၇၊ ဦးဝင်းဇော်ထွန်း ဖုန်း-၀၉၅၁ ၀၆၀၈၅၊ ဦးကျော်သူ ဖုန်း-၀၉၈၀ ၃၄၈၇၇၊ ဦးမျိုးဝင်းလှိုင် ဖုန်း-၀၉၅၁ ၂၀၄၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၉ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၁၅	MRTV-4 နံနက်ခင်းသတင်း
၆း၀၀	“နိဗ္ဗာန်ဘယ်မှာရှိသလဲ”တရားတော် [အရှင်ဇာနေယျ(ရွှေမိုးညို ဆရာတော်)]
၇း၀၀	ရတနာသိုက်ရှာပုံတော်(အပိုင်း-၁၇)
၇း၃၀	TOM & JERRY
၈း၀၀	MRTV-4 နံနက်ခင်းသတင်း
၈း၄၅	အနုပညာမိုးကောင်းကင်
၉း၁၀	မီးမီးရဲ့ဆုံးဖြတ်ချက်(နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဉ္ဇာဦး၊ နေလ၊ ပြည့်ဖူးခိုင်၊ အောင်ဟိန်း) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၉း၂၅	Art Vision (7th multicolour rain drops)
၉း၄၀	ရွှေဖြူဟုခေါ်သည် (အပိုင်း-၂)
၁၀း၀၅	အလှဆင်စရာပရိဘောဂကမ္ဘာ (ရွှေမှီပရိဘောဂ)
၁၀း၂၀	ဦးနှောက်အကျိတ်ရောဂါအကြောင်းသိကောင်းစရာ (ပါမောက္ခဒေါက်တာအောင်ကျော်၊ ပါမောက္ခဒေါက်တာမြင့်သိန်း၊ ပါမောက္ခဒေါက်တာကျော်စွာအောင်)
၁၀း၅၅	စားချင်စဖွယ် နည်းအသွယ်သွယ် (ရသာထူးခြား မလေးရှားအစားအစာများ)
၁၁း၁၅	ခေတ်မီတိုးတက်တီထွင်ချက် ရေမော်တာအလိုအလျောက်ထိန်းချုပ်စက်
၁၁း၄၀	တေးဂီတအစီအစဉ်
၁၂း၀၀	Celebrity Style (နဝရတ်နှင့်တွေ့ဆုံခြင်း)
၁၂း၃၅	ဒို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
၁း၀၀	“နိဗ္ဗာန်ဘယ်မှာရှိသလဲ”တရားတော် [အရှင်ဇာနေယျ (ရွှေမိုးညိုဆရာတော်)]
၁း၅၅	အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှုရွှေဆိုင်းပညာ
၂း၁၅	နိုင်ငံတကာအနုပညာရေးရာ
၂း၄၀	ရေပျော်ငှက်တို့အားထားရာအမှန် ရေကြောင်းပညာသိပ္ပံ
၃း၁၅	တေးဂီတအစီအစဉ်
၃း၃၅	MRTV-4 စာအုပ်စင်ကဏ္ဍ[စာရေးဆရာဗညားဦး(အိမ်မဲ)နှင့်တွေ့ဆုံခြင်း]
၄း၀၀	အဖိုးတန်အရည်အသွေးများနှင့်ယှဉ်လျက်
၄း၂၀	Movie Mistakes (Mr and Mrs Smith)
၄း၃၅	တူညီဆင်နွှဲဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲ
၄း၅၅	ဒို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
၅း၁၀	ကလေးတို့သိသင့်တဲ့သွားများအကြောင်းနှင့်သွားကျန်းမာရေး
၅း၂၅	အနုပညာမိုးကောင်းကင်
၅း၅၀	ဘိုင်းဒါးတံတား
၆း၀၀	MRTV-4 ညနေခင်းသတင်း
၆း၁၅	လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ(ဖိုးချစ်) (အပိုင်း-၁)
၆း၅၀	နိုင်ငံတကာအနုပညာရေးရာ
၇း၁၅	Celebrity Style (နဝရတ်နှင့်တွေ့ဆုံခြင်း)
၇း၄၅	အလှဆင်စရာပရိဘောဂကမ္ဘာ (ရွှေမှီပရိဘောဂ)
၈း၀၀	MRTV-4 သတင်း
၈း၁၅	Art Vision (7th multicolour rain drops)
၈း၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (နှလုံးသွေးကြောကျဉ်းရောဂါအတွက် ECP ကုထုံးနည်းပညာ)
၉း၀၅	Movie Mistakes (Mr and Mrs Smith)
၉း၃၀	ရတနာသိုက်ရှာပုံတော်(အပိုင်း-၁၇)
၁၀း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၂း၀၀	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာဗညားဦး(အိမ်မဲ)နှင့်တွေ့ဆုံခြင်း]
၁၂း၂၅	ရောင်စုံရသနီယွန်ည
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **VHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၄) ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Newcastle - Portsmouth	ESPN (Live)

(27-4)03.pmd 1 4/27/2009, 2:08 AM

အာဖဂန်တောင်ပိုင်းတွင် တိုက်ပွဲဖြစ်၊ စစ်သွေးကြွ ၁၄ ဦးသေဆုံး

ကဘူး ဧပြီ ၂၆

အာဖဂန်တောင်ပိုင်း ဟဲလ်မန်ပြည်နယ်တွင် အာဖဂန်တပ်ဖွဲ့နှင့် နိုင်ငံစုံတပ်ဖွဲ့တို့ ပူးပေါင်းကာ ဧပြီ ၂၃ ရက်က စစ်သွေးကြွ ၁၄ ဦးကို သုတ်သင်ခဲ့ကြောင်း နိုင်ငံစုံတပ်ဖွဲ့က ဧပြီ ၂၄ ရက်တွင် ပြောကြားသည်။

ပူးပေါင်းတပ်ဖွဲ့သည် အဆိုပါပြည်နယ်အတွင်းရှိ ဆာဂျင်ဒေသတွင် ကင်းလှည့်နေစဉ် စစ်သွေးကြွများက လက်နက်ငယ်များဖြင့် နေရာအနှံ့မှ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းနှင့် နိုင်ငံစုံတပ်ဖွဲ့မှ လေကြောင်းပစ်ကူတောင်းခံခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းတိုက်ပွဲအတွင်း စစ်သွေးကြွခြောက်ဦး သေဆုံးကြောင်းနှင့် နိုင်ငံစုံတပ်ဖွဲ့အား စစ်သွေးကြွများက အခြားနေရာများမှ လက်နက်ငယ်များဖြင့် တိုက်ခိုက်ခဲ့ရာ အပြန်အလှန် တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်သွေးကြွရှစ်ဦး သေဆုံးကာ တစ်ဦးဒဏ်ရာရရှိပြီး နှစ်ဦးကို လက်ရဖမ်းမိကြောင်း သိရသည်။ အဆိုပါ တိုက်ခိုက်မှုတွင် လေကြောင်းမှ ပစ်ကူပေးခဲ့သည်ဟု ဆိုသည်။ နိုင်ငံစုံတပ်ဖွဲ့နှင့် အရပ်သားများ ထိခိုက်ဒဏ်ရာရရှိမှုကို ဖော်ပြခြင်း မရှိပေ။

အင်တာနက်။

အာဖဂန်တွင် လမ်းဘေးဗုံးပေါက်၊ နှစ်ဦးသေဆုံး

ကဘူး ဧပြီ ၂၆

အာဖဂန်တောင်ပိုင်း ဟဲလ်မန်ပြည်နယ်တွင် ဧပြီ ၂၄ ရက်က မော်တော်ဆိုင်ကယ်တစ်စီးအား လမ်းဘေးဗုံးပေါက်ကွဲထိမှန်သဖြင့် စုံတွဲတစ်တွဲသေဆုံးကြောင်း ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒါရုံအာမာဒီက ပြောကြားသည်။

၎င်းတို့နှစ်ဦး မော်တော်ဆိုင်ကယ်စီးလာစဉ် လာချ်ကာဂါ့ချ် ဒေသအနီးတွင် ဗုံးပေါက်ကွဲခြင်းဖြစ်ပြီး နှစ်ဦးစလုံး ပွဲချင်းပြီး သေဆုံးသည်ဟု အာမာဒီက ဆိုသည်။

ယင်းမှာ တာလီဘန်တို့၏ လက်ချက်ဖြစ်ကြောင်းနှင့် သူပုန်များသည် အကြမ်းဖက်တိုက်ခိုက်ခြင်းဖြင့် ပြည်နယ်ကို မငြိမ်မသက်ဖြစ်စေလျက်ရှိကြောင်း ပြည်နယ် အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အာမာဒီက ပြောကြားသည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့တောင်ပိုင်း ခို့စ်ပြည်နယ်တွင် ဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ ဘာကျူဘာမြို့တွင် အသေခံကားဗုံးဖြင့် တိုက်ခိုက်မှုဖြစ်ပွားသည့်နေရာအား ရဲတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့များက စစ်ဆေးနေစဉ်။ (အဆိုပါ တိုက်ခိုက်မှုကြောင့် အရပ်သားငါးဦးသေဆုံးပြီး ၂၀ ဦး ဒဏ်ရာ ရရှိသည်။)

(ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားလက်နက်များ လျှော့ချရေး အမေရိကန်-ရုရှားဆွေးနွေး

ရောမ ဧပြီ ၂၆

အမေရိကန်နှင့်ရုရှား စေ့စပ်ဆွေးနွေးညှိနှိုင်းသူများသည် နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်သုံးသပ်ရန်အတွက် ရောမမြို့တွင် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ကြပြီး နျူကလီးယားလက်နက်များ လျှော့ချရေးကိုလည်း ထပ်မံဆွေးနွေးခဲ့ကြသည်။

ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးတော့မည့် မဟာဗျူဟာမြောက် လက်နက်များ ဖျက်သိမ်းရေးစာချုပ် (စတ့-၁) အား သက်တမ်းမကုန်မီ စာချုပ်အသစ်တစ်ခုဖြင့် အစားထိုးရန် ရည်ရွယ်၍ ကျင်းပသော ဆွေးနွေးပွဲမှ ရလဒ်များကို နှစ်ဖက်စလုံးက ကျေနပ်အားရကြသည်ဟု ပြောဆိုကြသည်။

အမေရိကန်နှင့်ရုရှား ကျွမ်းကျင်သူများသည် နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်ကို ဆွေးနွေး၍ ပြန်လည်သုံးသပ်ပြီး ၂၀၀၉ ခုနှစ် ကုန်ခန့်တွင် နှစ်နိုင်ငံ သဘောတူညီကြစေရေးအတွက် လမ်းဖွင့်ပေးခဲ့ကြသည်။ ယင်းဆွေးနွေးပွဲကို ရောမမြို့ရှိ အမေရိကန်သံရုံးတွင် ကျင်းပခဲ့သည်။ အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရို့စ်ဂေါ့တီမိုလာနှင့် ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန လုံခြုံရေးနှင့် လက်နက်ဖျက်သိမ်းရေး အကြီးအကဲ အနာတိုလီအန်တိုနော့ဗ်တို့ တက်ရောက်ကြသည်။

ထို(စတ့-၁)စာချုပ်ကို အမေရိကန် ပြည်ထောင်စုနှင့် ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စုတို့သည် ၁၉၉၁ ခုနှစ် ဇူလိုင်လအတွင်းတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလတွင်စတင် အကျိုးသက်ရောက်သည်။ ထိုစာချုပ်က လက်မှတ်ရေးထိုးထားသော နိုင်ငံများအား နျူကလီးယားထိပ်ဖူး ၆၀၀၀၊ တိုက်ချင်းပစ် ဒုံးပျံ ၁၆၀၀၊ ရေငုပ် သင်္ဘောမှ ပစ်လွှတ်သော ဒုံးကျည်များနှင့် ဗုံးကြဲလေယာဉ်များကို တပ်ဆင်ထားခြင်းမှ တားမြစ်ထားသည်။**အမ်အင်အေ၊ဆင်ဟွာ။**

ဂျာမနီတွင် ဒုတိယကမ္ဘာစစ်မှ ဗုံးတစ်လုံး တွေ့ရှိ

ဘာလင် ဧပြီ ၂၆

ဂျာမနီနိုင်ငံ ဘာလင်မြို့ ပြတိုက်တစ်ခု၏ အနီးတွင် မပေါက်ကွဲသေးသော ဒုတိယကမ္ဘာစစ်မှ အလေးချိန်ကီလို ၁၀၀ လေးသည့် ဗုံးတစ်လုံးကို ဆောက်လုပ်ရေး လုပ်သားတစ်ဦးက တွေ့ရှိခဲ့သည်။ ဝန်ကြီးချုပ် အန်ဂျလာမာကယ်လ်၏ အိမ်ခန်းအပါအဝင် ပတ်ဝန်းကျင်တွင် နေထိုင်သူများကို ကယ်တင်ခဲ့ရသည်။

ပြတိုက်ပတ်ဝန်းကျင်ကို ကြိုတင်ကာကွယ်သောအားဖြင့် မီတာ ၃၀၀ အတွင်း၌ ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့ကြရကြောင်း ဘာလင်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဝန်ကြီးချုပ်၏ အိမ်ခန်းသည် ကယ်ဆယ်ရေး ဇရိယာအတွင်းတွင် ရှိနေကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံ ဒီယာလာတွင် အကြမ်းဖက်မှုကြောင့် သုံးဦးသေဆုံး

ဒီယာလာ ဧပြီ ၂၆

မတည်မငြိမ်ဖြစ်လျက်ရှိသော အီရတ်နိုင်ငံ ဒီယာလာပြည်နယ်တွင် ဧပြီ ၂၄ ရက်က သီးခြားတိုက်ခိုက်မှု နှစ်ခုအတွင်း အီရတ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သား နှစ်ဦး သေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့သတင်းဌာနက ပြော ကြား သည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၆၅ ကီလိုမီတာခန့်အကွာရှိ ဘာကျူဘာမြို့တွင် လမ်းဘေးဗုံးတစ်လုံးအား စနက်တံဖြုတ်ရန် ကြိုးစားစဉ် အီရတ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်။ အဆိုပါ ပေါက်ကွဲမှုတွင် တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိသည်ဟုဆိုသည်။ **အင်တာနက်။**

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အင်ဒိုနီးရှားနှင့်မလေးရှားတို့ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မည်

အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဆူစီလိုဘမ်ဘန်းယူဒိုယိုနိုက ဧပြီ ၂၃ ရက်တွင် မလေးရှား နိုင်ငံဝန်ကြီးချုပ်သစ် ဒါတိုဆရီမော့ဒ် နာဂျက်ဘင်ဟာဂျီထွန် အဗ္ဗဒူရာဇ နှင့်အတူ နိုင်ငံတော်ညှော့ဂျဟော၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် သဘောတူခဲ့ကြသည်။

မလေးရှားနိုင်ငံ ပိုင်နက်နှင့် အင်ဒိုနီးရှားနိုင်ငံ ကာလီမင်တန်ကျွန်းထိ လျှပ်စစ်ဓာတ်အားပေးပို့ရန် မလေးရှားနိုင်ငံက ကမ်းလှမ်းခဲ့ကြောင်း မလေးရှား ဝန်ကြီးချုပ်က ပူးတွဲသတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။ မလေးရှားနိုင်ငံက လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံတည်ဆောက်ရန် စီစဉ်ခဲ့ပြီး ဓာတ်အားများကို မလေးရှား ကျွန်းဆွယ်မှ အင်ဒိုနီးရှားရေပြင်ဖြတ်သန်း၍ ကေဘယ်လ်ကြိုးများ သွယ်တန်းကာ ပေးပို့မည်ဖြစ်သည်။

တောင်ကိုရီးယားနှင့်ဘရာဇီးတို့ လေကြောင်းလိုင်းတိုးချဲ့ပျံသန်းမည်

တောင်ကိုရီးယားနှင့်ဘရာဇီးနိုင်ငံတို့အကြား လေကြောင်းလုပ်ငန်း တိုးမြှင့်ရန် သဘောတူခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် အခြားဒေသများတွင် ပြောင်းလဲမှုများ လွယ်ကူချောမွေ့စေရန်အတွက် မျှော်လင့်ကြောင်း တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဘရာဇီးနိုင်ငံ လေကြောင်းဆိုင်ရာ တာဝန်ရှိသူများက ဧပြီ ၂၄ ရက်တွင် ပြုလုပ်သည့် အစည်းအဝေး၌ လတ်တလောအခြေအနေတွင် ရက်သတ္တပတ်လျှင် သုံးကြိမ်မှ ခုနစ်ကြိမ်ထိ ခရီးသည်လေယာဉ်များ တိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။ နှစ်နိုင်ငံအကြား ကုန်စည်ပို့ဆောင်ရေး လေကြောင်းလိုင်းများကိုလည်း ရက်သတ္တပတ်လျှင် သုံးကြိမ်စတင်ပျံသန်းရန်လည်း သဘောတူခဲ့ကြသည်။

မီချီဂန်ရေအိုင်အတွင်းမှ ဒုတိယကမ္ဘာစစ်ဗုံးကြဲလေယာဉ် ပြန်လည်ဆယ်ယူ

ချီကာဂိုမြို့ မြောက်ဘက်ကီလိုမီတာ ၆၀ ခန့်အကွာရှိ ဝူကီဂန်ရေပြင်၌ လွန်ခဲ့သော ၆၅ နှစ်က စစ်ရေးလေ့ကျင့်မှု ပြုလုပ်စဉ် ပျက်ကျခဲ့သည့် မီချီဂန်ရေကန်ကြမ်းပြင်မှ ဒုတိယကမ္ဘာစစ် ရေတပ်ဗုံးကြဲလေယာဉ်အား ဧပြီ ၂၄ ရက်တွင် ပြန်လည်ဆယ်ယူခဲ့သည်။

ရေတပ်လေယာဉ်ထုတ်လုပ်မှု ပြတိုက်နှင့် ပူးပေါင်းလုပ်ကိုင်နေသော အီလီနွိုက်ဒေသရှိ ရေအောက်ဆယ်ယူရေး ကုမ္ပဏီတစ်ခုက ဝူကီဂန်ရေပြင်မှ ၂၇ မိုင် အကွာရှိ ရေအောက်အနက် ၃၁၅ ပေ၌ အသံလှိုင်းဖြင့် ရေအောက်ပစ္စည်းရှာဖွေသော ကိရိယာ ဆိုနာကို အသုံးပြု၍ ယင်းလေယာဉ်အား ရှာဖွေတွေ့ရှိခဲ့သည်။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းမှတ်စု

လေပြင်းတိုက်ခတ်မှုကြောင့် လေယာဉ်တစ်စင်းအရေးပေါ်ဆင်းသက်

အဲယားကနေဒါလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် လေပြင်းတိုက်ခတ်မှုနှင့် ကြုံတွေ့ရသဖြင့် ဟာဝိုင်ရီကျွန်းပေါ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရပြီး ခရီးသည် ၁၁ ဦးနှင့် လေယာဉ်အမှုထမ်းလေးဦး ဒဏ်ရာရရှိကြောင်း သောကြာနေ့တွင် ကနေဒါ သတင်းဌာနများက ဖော်ပြသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ ဗန်ကူးဗားမြို့သို့ ပျံသန်းလာသော အဆိုပါ လေယာဉ်တွင် ခရီးသည် ၂၅၆ ဦးနှင့် လေယာဉ်အမှုထမ်း ၁၇ ဦး လိုက်ပါလာကြောင်း ကနေဒါရုပ်သံ(စီတီဗွီ)က ဖော်ပြသည်။ ယင်းသို့ ဆင်းသက်ပြီး ၂ နာရီခန့်ကြာပြီးနောက် ကျန်ရှိသော ခရီးသည်နှင့် လေယာဉ်အမှုထမ်းများဖြင့် လေယာဉ်ထွက်ခွာခဲ့ပြီး ယခုအခါ ဗန်ကူးဗားမြို့သို့ ဆင်းသက်ခဲ့ပြီးဖြစ်သည်။

အမေရိကန်ခရီးသည်လေယာဉ် အရေးပေါ် ဆင်းသက်

အမေရိကန်ခရီးသည် လေယာဉ်တစ်စင်းတွင် ခရီးသည်တစ်ဦးက လေယာဉ်မှူးအခန်းအတွင်း ဝင်ရောက်ရန် ကြိုးပမ်းသဖြင့် ဘော့စတွန်မြို့ မက်ဆာချူဆက်ရှိ လေဆိပ်တစ်ခုသို့ အရေးပေါ်ဆင်းသက်မှုပြုလုပ်ခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

ဒယ်တာလေကြောင်းလိုင်းခရီးစဉ်အမှတ်-၈၆ လေယာဉ်သည် နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီလေဆိပ်မှ အစ္စရေးနိုင်ငံ တယ်အဗစ်မြို့သို့ ပျံသန်းစဉ် ခရီးသည် တစ်ဦး လေယာဉ်မှူးအခန်းအတွင်းသို့ အတင်းဝင်ရောက်ရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းခရီးသည်အား ကျန်ခရီးသည်များက ဝိုင်းဝန်းထိန်းသိမ်းခဲ့ကြသည်။ အဆိုပါ လေယာဉ်ပေါ်၌ ခရီးသည် ၂၀၆ ဦးနှင့် လေယာဉ်အမှုထမ်း ၁၁ ဦးပါရှိပြီး ဘော့စတွန်မြို့ လိုဂန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ည ၁၀ နာရီခန့်က ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ ဘော့စတွန်မြို့ရှိ တာဝန်ရှိသူများက ဖြစ်ပွားရခြင်းအကြောင်းအရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

မော်ရိုကို၌ ငါးနှစ်အတွင်း ဆေးခြောက်အမြောက်အမြား ဖမ်းဆီးရမိ

စပိန်နိုင်ငံ ဗလင်စီယာဆိပ်ကမ်းသို့ သယ်ဆောင်လာသော ပေ ၄၀ ကုန်သေတ္တာသုံးလုံးတွင် ဆေးခြောက်အဆီ ၃၂ ဒသမ ၂ တန်ကျော်အား မော်ရိုကိုနိုင်ငံ ကာဆာဘလင်ကာဆိပ်ကမ်း အကောက်ခွန်အရာရှိများက ဧပြီ ၂၃ ရက်၌ ဖမ်းဆီးရမိကြောင်း သောကြာနေ့တွင် ပြည်တွင်း အမ်အေပီ သတင်းဌာနက ဖော်ပြသည်။ ၂၀၀၅ ခုနှစ်က မူးယစ်ဆေးဝါး ၁၆ တန် တင်ဆောင်လာသော သင်္ဘောကို တာဝန်ရှိသူများက ဖမ်းဆီးရမိပြီးနောက် ငါးနှစ်အတွင်း ကာဆာဘလင်ကာဆိပ်ကမ်း၌ ဆေးခြောက် အမြောက်အမြား ဖမ်းဆီးရမိခြင်းဖြစ်သည်။

ဘရာဇီး၌ ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွား

ဘရာဇီးနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့ရာ သုံးဦးသေဆုံးပြီး လူပေါင်း ၁၆၀၀၀ ကျော် အိုးအိမ်စွန့်ထွက်ပြေးခဲ့ရကြောင်း သောကြာနေ့တွင် ပြည်တွင်းသတင်းများက ဖော်ပြသည်။

ဧပြီလ စောစောပိုင်းက စတင်ကာ မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် မာရင်ဟာယိုပြည်နယ် အရှေ့မြောက်ပိုင်းတွင် လူ ၄၀၀၀၀ မှာ ရေဘေးဒဏ်နှင့် ရင်ဆိုင်ခဲ့ရပြီး ၁၃၀၀၀ မှာ အိုးအိမ်စွန့်ထွက်ပြေးခဲ့ရသည်။ ယင်းပြည်နယ်မြို့တော် ဆာအိုလူအစ်တွင် မြေပြိုကျမှုကြောင့် နှစ်ဦးသေဆုံးခဲ့ပြီး စည်ပင်နယ်နိမိတ်ရှိ ဒေသ ၁၃ ခုအား အရေးပေါ် အခြေအနေ ပြည်နယ်အဖြစ် ကြေညာခဲ့သည်။ ဆန်တာကာတာရီနာ ပြည်နယ်တောင်ပိုင်းတွင် ရေကြီးမှုကြောင့် တစ်ဦးသေဆုံးပြီး ၃၀၀၀ ကျော် အိုးအိမ်စွန့် ထွက်ပြေးခဲ့ရကြောင်း သိရသည်။

ဘာသာပြန်ဆိုသူ- စိုးစိုးနိုင်

တိုင်းမှူးနှင့် မြို့တော်ဝန် ကျောင်းဆောင်သစ်ဖွင့်ပွဲများတက်ရောက်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဧပြီ ၁၉ရက်နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ရှေးဦးစွာ နံနက် ၇ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ကျင်းပရာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ မြို့တော်ဝန်က အဖွင့်အမှာစကားပြောကြား၍ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူ၍ မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူးသည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန်(၂)၊ အကွက်အမှတ်(၂)ရှိ ရွှေနဂါးမင်းကုမ္ပဏီ၏ ရှင်းလင်းဆောင်ရွက်ပြီး ကျင်းပသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းများအရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်း တင်ပြပြီး တိုင်းမှူးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် နွေစပါး စံပြစိုက်ခင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းခွင်များအတွင်း ပင်မမြောင်း တူးဖော်ထားရှိမှု၊ ကုန်ထုတ်လမ်း၊ လက်တံမြောင်းနှင့် ရေပေးမြောင်းများ တူးဖော်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် လှည်းကူးမြို့နယ်အတွင်းရှိ ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်မည့်နေရာ ရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မလစ်အနောက်ကျေးရွာအုပ်စု တောင်တမန်ရိုးကွင်း တောင်သူဦးအောင်မင်း၏ နွေစပါး စံပြစိုက်ကွင်းအတွင်း ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေး၍ ဒေသခံတောင်သူများအားရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး အထယ်ကွင်းအတွင်း ငါးမွေးမြူရေးကန်များတူးဖော်ဆောင်ရွက်သည့် မြေနေရာကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ငမိုးရိပ်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေသောက်စနစ်ကို ကြည့်ရှုစစ်ဆေး၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ငမိုးရိပ်ရေလှောင်တမံ မြို့တော်ရေပေးဝေရေး ရေထိန်းမျှော်စင်မှ ရေလွှတ်တူးမြောင်း တူးဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ကျောင်းဆောင်သစ် ဖွင့်ပွဲတွင် စာသင်ဆောင်အတွင်း ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၄ ရက်နှင့် ၂၅ ရက်များတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်နှင့် လုပ်ငန်းများကို အောက်ခြေအဆင့်ထိ သိရှိနားလည် လိုက်နာဆောင်ရွက်စေရေးအတွက် ရှင်းလင်းချပြ ဆောင်ရွက်ရန်၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်၊ တိုင်းဦးစီးဌာနမှူးများက ပြည်နယ်နှင့် တိုင်းအလိုက် ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာနအလိုက်လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် မတ် ၂၅ ရက်က မန္တလေးပတ်ဝန်းကျင်နှင့် ငုရွှေဝါလမ်းအား ၆၂ လမ်းမှ ၆၄ လမ်းအထိ လမ်းဝဲ၊ယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားဖြင့် ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၄၆၉)

Overclocking နည်းပညာသရုပ်ပြပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Golden Power Technology နှင့် Personal Computer Magazine တို့၏ ပံ့ပိုးကူညီမှုတို့ဖြင့် မြန်မာနိုင်ငံ ဟာ့ဒ်ဝဲနည်းပညာဖွံ့ဖြိုးတိုးတက်စေရန်၊ ခေတ်မီဟာ့ဒ်ဝဲများကို လက်တွေ့အကျိုးရှိစွာအသုံးချနိုင်စေရန်နှင့် Over clocking နည်းပညာကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်၍ Overclocking နည်းပညာ သရုပ်ပြပြိုင်ပွဲကို မေ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပမည့် ကွန်ပျူတာနည်းပညာပြပွဲတွင် ပါဝင်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် Overclocking နည်းပညာကို အဘယ်ကြောင့် အသုံးပြုရကြောင်း၊ မည်သည့်လုပ်ငန်းအတွက် ဦးတည်ချက်ဖြင့် လုပ်ဆောင်ကြောင်း၊ Overclocking နည်းပညာကို အသုံးချခြင်းကြောင့် လုပ်ငန်းအတွက် အကျိုးသက်ရောက်မှုမည်မျှရှိကြောင်း၊ အချိန်၊ ငွေ ကုန်ကျမှုမည်မျှသက်သာနိုင်ကြောင်းတို့ကို လက်တွေ့ သရုပ်ပြနိုင်ရမည်ဖြစ်သည်။

နည်းပညာသရုပ်ပြပြိုင်ပွဲတွင် Presentation အပိုင်းနှင့် ဟာ့ဒ်ဝဲများ၏ လုပ်ဆောင်နိုင်စွမ်းကို လက်တွေ့ ပြသသည့်အပိုင်းဟူ၍ နှစ်ပိုင်းခွဲခြား ပြသရမည်ဖြစ်ပြီး Presentation တင်ပြရာတွင် တစ်ဦးတည်းဖြစ်စေ၊ အဖွဲ့လိုက် ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ သို့သော် Presentation ကို တစ်ဦးသာပြသရမည်ဖြစ်ပြီး အဖွဲ့လိုက်ဆိုရာတွင် သုံးဦးထက် မကျော်စေရဘဲ ကန့်သတ်မှုမရှိပေ။ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိမိတို့ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး Presentationပြသချိန်မှာတစ်နာရီဖြစ်ပြီး တစ်နာရီအတွင်း တင်ဆက်ပြသမှုနှင့် ဟာ့ဒ်ဝဲလုပ်ဆောင်နိုင်မှုတို့ကို အပြီးတင်ဆက်ပြသရမည်ဖြစ်သည်။

ပြိုင်ပွဲဆုကြေးအဖြစ် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၂၇ ရက်မှ စတင်ပြီး Golden Power Technology အမှတ်(၄)၊ (၁၃)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၌ ပြိုင်ပွဲဝင်လျှောက်လွှာများ ထုတ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၂၁၅၈၁၅၊ ၂၁၅၈၁၁ နှင့် ၂၂၆၆၄၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း လေဘေးသင့်ဒေသများတွင် လူနေအိမ်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၉၀၀ လှူဒါန်း

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လေဘေးသင့်ဒေသများတွင် လူနေအိမ်အလုံး ၁၅၀ ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၉၀၀ လှူဒါန်းပွဲကို ဧပြီ ၂၅ရက်နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ မေခလာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် အမှုဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ခင်မောင်လှ (ငြိမ်း) တို့က လူနေအိမ်အလုံး ၁၅၀ ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၉၀၀ ကို ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးရွာပိုင်သစ်တောစိုက်ခင်းစိုက်ပျိုးရန်တာဝန်ပေးအပ်

ရန်ကုန် ဧပြီ ၂၆

သစ်တောရေးရာဝန်ကြီးဌာန၏လုပ်ငန်းညွှန်ကြားချက်ကို အကောင်အထည်ဖော်ရန်အတွက် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၀၉ခုနှစ် မိုးရာသီတစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာယူကလစ်အပင်၂၀နှင့်ကျေးရွာပိုင်သစ်တောစိုက်ခင်းတစ်ဧကစိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲကို ဧပြီ ၂၃ရက်တွင် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မော်လမြိုင်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးထွန်းအေးက တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာယူကလစ်အပင်၂၀နှင့်ကျေးရွာပိုင်သစ်တောစိုက်ခင်းတစ်ဧကတို့ စိုက်ပျိုးရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ထို့နောက် မော်လမြိုင်၊ သထုံ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်က စမ်းကြီး၊ ကြာအင်း၊ နောင်ခရီ၊ ရိုးဂိုးနှင့်ဖားအောက်ကျေးရွာများမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား**(အပေါ်ဝဲပုံ)** စိုက်ပျိုးရန် တာဝန်ပေးအပ်လွှာများကို ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွားစောရွာ စက်ရေတွင်းတူးဖော်

ရန်ကုန် ဧပြီ ၂၆

မြောင်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်တွင် ပါဝင်သော ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၇ ရက်က ဖွားစောကျေးရွာ၌ နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၂၃ သိန်းဖြင့် နှစ်လက်မတွင်းနက် စက်ရေတွင်းတူးဖော်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်း ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ယာပုံ) (မြို့နယ်စည်ပင်)

အလင်းပန်းတို့ ပွင့်လန်းဝေဆာ ဝေနမြစ်ကမ်းနံဘေးက လေးမျက်နှာ

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

နွေဦးရဲ့လွမ်းမောဖွယ်ရာ နွေနေ့လယ်ခင်းလေးတစ်နေ့မှာ'လေးမျက်နှာ' ဆိုတဲ့ မြို့ကလေးဆီ ဦးတည်ခဲ့ကြရပြန်ပါတယ်။ လမ်းတစ်လျှောက်ရှိ ညောင်တုန်း၊ ဆားမလောက်၊ ကျောင်းကုန်း၊ ပန်းတနော်၊ အသုတ်၊ ရေကြည်၊ ငါးသိုင်းချောင်းစတဲ့မြို့တွေကို အစဉ်အတိုင်း ဖြတ်ကျော်လာခဲ့စဉ်မှာ မြရောင်စိမ်းစိုနေတဲ့ လယ်ကွင်းပြင်တွေ၊ အုံ့ဆိုင်းမှိုင်းညို့ပြီး အရိပ်အာဝါသကောင်းလှတဲ့ ကုက္ကိုပင်ကြီးတွေ၊ သရက်ပင်အုပ်တွေ၊ လက်ပံ၊ ပိတောက်၊ ပျဉ်းမပင်ကြီးတွေ တရိပ်ရိပ် ဝေးကျန်ခဲ့တဲ့အခါ-

'မြိုင်ခွင်စုံဝှမ်း၊ ရဂုံလမ်းလည်း
စို့ရွှမ်းသာခေါင်၊ မြရောင်တစ်ဝက်
ရွှေရည်ပတ်၍၊ မြရွက်မဆိုင်း
သစ်ပင်တိုင်းတို့ မနှိုင်းစရာ
ရှုဖွယ်သာလျှင်'. . . ဆိုတဲ့ ဆရာစောရန်နောင်(လေးမျက်နှာ)ရဲ့ ကဗျာလေးက ကျွန်မရဲ့အာရုံမှာ ထင်ဟပ်လာခဲ့ရပါတယ်။

တကယ်တော့လည်း လေးမျက်နှာမြို့ဟာ ရှေးယခင်က အထင်ကရ သာယာစည်ကားကြွယ်ဝခဲ့ရာ သဘော်ဆိပ်ကမ်းမြို့ ဖြစ်ပါတယ်။ သာသနာ့အာဇာနည်တွေဖြစ်တဲ့ ရွှေဟင်္သာဆရာတော်ကြီး၊ ထွဋ်ခေါင်ဆရာတော်ကြီး၊ ဟံသာဝတီဆရာတော်ကြီးနဲ့ လက်ရှိ အောင်ဆန်းဆရာတော်ကြီးတို့ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သလို ထင်ရှားကျော်ကြားတဲ့ အနုပညာရှင်တွေကို မွေးထုတ်ပေးခဲ့ရာ မြို့လည်းဖြစ်ပါတယ်။ အရပ်လေးမျက်နှာကို မုခ်ဦးမူပြီး ဘုရားတည်ထားတာကို အကြောင်းပြုလို့ လေးမျက်နှာမြို့ရယ်လို့ အမည်တွင်ခဲ့တယ်လို့ ဆိုပါတယ်။ အရှေ့ဘက်မှာ ဟင်္သာတ၊ အနောက်ဘက်မှာ ရခိုင်ရိုးမ၊ တောင်ဘက်မှာ ရေကြည်၊ ကျုံပျော်၊ သာပေါင်းနဲ့ မြောက်ဘက်မှာ အင်္ဂပူတို့ရှိကြပြီး လယ်ယာကိုင်းကျွန်းလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ နှီးချောဖျာ၊ သင်ဖြူးဖျာ ရက်လုပ်ခြင်းတွေကို အဓိကစီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်ကြပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက လေးမျက်နှာမြို့နယ်အတွင်းမှာရှိတဲ့ မျက်စိဝေဒနာရှင်တွေကို အခမဲ့ခွဲစိတ်ကုသဖို့ ကျွန်မတို့အဖွဲ့ကိုတာဝန်ပေးခြင်းခံရတဲ့အခါ သုံးပတ်ကြိုတင်ပြီး လေးမျက်နှာမြို့ကို တစ်ခေါက်ကြိုတင် သွားရောက်စီစဉ်ခဲ့ရပါတယ်။ မြို့ရဲ့အနေအထား၊ ဆေးရုံရဲ့ အကျယ်အဝန်းနဲ့ ခွဲစိတ်ခန်းအခြေအနေတွေ၊ ခွဲစိတ်ခန်းကို ပြင်ဆင်မွမ်းမံ ပိုးသတ်တဲ့ကိစ္စတွေ၊ လူနာတွေ ခေတ္တတည်းခိုနိုင်ဖို့အပြင် ပတ်ဝန်းကျင်မြို့နယ်များကပါ အခက်အခဲမရှိ လာရောက်ပြသနိုင်ဖို့ အရေးတွေကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇော်လှနဲ့ တာဝန်ရှိသူတွေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုလေးနဲ့ ဆေးရုံဝန်ထမ်းတွေ၊ လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)မှ ဦးခင်ချို၊ ဦးနေဝင်း၊ ဦးတင်စိုး၊ ဦးကျော်မြင့်တို့ အဖွဲ့တွေနဲ့ မြို့မိမြို့ဖအားလုံးတို့နဲ့ တိုင်ပင်ပြီး ကြိုတင်စီစဉ်ခဲ့ကြရပါတယ်။

ဒီလိုနဲ့ ကျွန်မတို့ရဲ့ကားလေးဟာ အိုင်သပြုကိုရောက်တော့ လေးမျက်နှာမြို့နယ်က တာဝန်ရှိသူတွေဟာ ဆိုင်ကယ်အစီးပေါင်းများစွာနဲ့ လာရောက်စောင့်ကြိုနေခဲ့ကြတာကို တွေ့ရပါတယ်။

အချိန်က နေဝင်ရီဖျိုးဖျ၊ ရှေ့ဆုံးမှာတော့ အောင်ဆန်းဆရာတော်ကြီး လိုက်ပါတဲ့ကား၊ အဲသည်နောက်မှာ ပါမောက္ခဒေါက်တာကံညွန့်၊ ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့ ဦးဆောင်လာတဲ့ မျက်စိအထူးကုအဖွဲ့၊ သည့်နောက်မှာမှ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)အဖွဲ့ အလှူရှင်များနဲ့ MRTV-4 အဖွဲ့သားတွေရဲ့ကား၊ အားလုံးရဲ့ရှေ့မှာတော့ မီးကုန်ဖွင့်ပြီး မောင်းနှင်နေတဲ့ ဆိုင်ကယ်အဖွဲ့ရဲ့ မီးရောင်အလင်းတန်းတွေက တဝင်းဝင်း၊ တလက်လက်၊ ဝေ့ဝေ့ဝဲဝဲနဲ့ မီးဘောလုံးတန်းကြီးလို လှပဆန်းပြားလို့ နေပါတယ်။ "ခရီးတွေ သွားပေါင်းလည်းများပြီ၊ ခုလိုကြိုဆိုကြတဲ့ပုံစံမျိုး မကြုံဖူးဘူး၊ ရင်ထဲမှာ ဝမ်းသာဝမ်းနည်းခံစားရတယ်" လို့ ဆရာကြီး ဦးကံညွန့်က ဆိုတော့ "ကျွန်တော်တို့ကို အိုးစည် ဗုံမောင်းတွေနဲ့များ ကြိုဆိုနေဦးမလားမသိဘူး"လို့ ဒေါက်တာသိန်းဇော်က ပြောတဲ့အခါ အားလုံးရယ်မိကြသေးတယ်။ အဟုတ်ကိုပါပဲ၊ မြို့အဝင် သံသရာငြိမ်းအေးစေတီအဝမှာ အိုးစည်ဗုံမောင်းတွေနဲ့ တီးမှုတ်ကခုန်နေတဲ့လူအုပ်ကြီးက ကျွန်မတို့ကို အားပါးတရ ကြိုဆိုနေခဲ့ကြပါတယ်။ ဒီလို လှိုက်လှိုက်လှဲလှဲ ကမ်းလင့်ကြိုဆိုမှုတွေကပဲ ကျွန်မတို့ကို ခွန်အားတွေ ဖြစ်လာစေရပါတယ်။

ဆေးရုံသွားရာလမ်းတစ်လျှောက်မှာ ယူကလစ်ပင်၊ ထင်းရှူးပင်တွေက ညီညာစွာစီတန်းနေကြသလို ဆေးရုံအဝင်ဝ ကျောက်စရစ်လမ်းလေးရဲ့ တစ်ဖက်တစ်ချက်မှာ ရောင်စုံဂန္ဓမာပန်းတွေက အလှချင်းပြိုင်နေကြပါတယ်။ "မျက်စိအထူးကု ဆရာဝန်ကြီးများနှင့်အဖွဲ့အား ကြိုဆိုပါ၏"ဆိုတဲ့ မုခ်ဦးနဲ့ လိုက်ဖက်လှစွာပဲ ကြီးမားခမ်းနားတဲ့ မဏ္ဍပ်ကြီးတစ်ခုလုံးမှာ ရောင်စုံမီးပွင့်မီးဆိုင်းလေးတွေက မှိတ်တုတ်မှိတ်တုတ်နဲ့ တဖိတ်ဖိတ်လက်နေပြန်တော့ လေးမျက်နှာမြို့နယ်ဆေးရုံမှ ဟုတ်ပါလေစလို့ ထင်မှတ်မှားမိပါတော့တယ်။

ဆေးရုံရဲ့ မဏ္ဍပ်ထဲမှာ ကျောင်းကုန်း၊ ရေကြည်၊ အသုတ်၊ ဟင်္သာတ၊ အင်္ဂပူ၊ ငါးသိုင်းချောင်း၊ ကျိုက်လတ်၊ ဂွမြို့နယ်တွေက လာပြကြတဲ့လူအုပ်ကြီးနဲ့ ပြည့်လို့နေပါပြီ။ ဧပြီ ၄ ရက်၊ ၅ ရက်၊ ၆ ရက် သုံးရက်စလုံးမှာ ထောင်ပေါင်းများစွာသော လူအုပ်ကြီးဟာ ပူရှိန်ပြင်းတဲ့ နွေနေ့လယ်ခင်းကို အန်တုလို့ မိမိအလှည့်ကို စိတ်ရှည်လက်ရှည်နဲ့ စောင့်ဆိုင်းနေခဲ့ကြပါတယ်။တချို့ခရီးစဉ်တွေမှာ ကြားခဲ့ရဖူးတဲ့ "မတိုးကြပါနဲ့၊ အားလုံးကို ကြည့်ပေးမှာပါ၊ အလှည့်မကျော်ပါနဲ့" ဆိုတဲ့ အုတ်အော်သောင်းတင်း ဆူညံနေတာမျိုး လုံးဝမကြားရဘဲ လူနာမှတ်ပုံတင် နံပါတ်စဉ်အတိုင်း အမည်၊ လိပ်စာခေါ်နေသူရဲ့ ကြည်လင်ငြိမ်းအေးတဲ့အသံအောက်မှာ ပြည့်ကျပ်နေတဲ့လူအုပ်ကြီးနဲ့ မလိုက်ဖက်စွာဘဲ တိတ်ဆိတ်အေးချမ်းလို့နေပါတယ်။

ဆေးရုံရှေ့လမ်းမပေါ်ကိုလည်း ကြည့်ပါဦး။ ခမောက်စုံ၊ ပန်းတောကြီး၊ လှော်ကား၊ ရှမ်းရွာ၊ ခတ္တာ၊ ထိန်ငူ စတဲ့ကျေးရွာတွေကနေလာပြကြတဲ့ လူနာတွေ၊ လူနာစောင့်တွေဟာ ထမင်းချိုင့်တွေ၊ ခြင်းတောင်းတွေဆွဲပြီး တန်းစီလာနေ လိုက်ကြတာ ရှင်လောင်းလှည့်သလိုပဲ။ မျက်စိပြမယ့် အမေအို၊ အဘအိုတွေကို အဝတ်ပုခက်ထမ်းစင်တွေနဲ့ တငြိမ့်ငြိမ့်၊ တလှုပ်လှုပ်ထမ်းပြီး ပြုံးရွှင်တက်ကြွစွာ လာနေကြတာကလည်း ဘယ်ဒေသမှာမှ မမြင်ရဖူးတဲ့ မြင်ကွင်းပါပဲ။ တကယ်တော့ လေးမျက်နှာမြို့နယ်မှာရှိတဲ့ ကျေးလက်ပြည်သူတွေဟာ တစ်လ၊ နှစ်လ အလိုကတည်းက ကျွန်မတို့အဖွဲ့လာမယ်ကြားတာနဲ့ အားခဲထားရတာ။ လက်တွေ့မှာ လာကြရတဲ့ ခရီးကလည်း တကယ့်ကို ကြမ်းလှပါတယ်။ လှည်းတစ်တန်၊ လှေတစ်တန်၊ ခြေကျင်တစ်တန်၊ ဆိုင်ကယ်တစ်တန် ဖုန်ထူ လမ်းကြမ်းလှတဲ့ ၁၃ မိုင်ခရီးကို ခြေကျင်လာခဲ့ရတဲ့သူတွေလည်း ရှိတယ်ဆိုတော့ သူတို့ရဲ့ဇွဲနဲ့ မျှော်လင့်အားကိုးမှုတွေကို မြင်သာနိုင်ပါတယ်။ ပြီးတော့လည်း လာပြတဲ့ လူနာတော်တော်များများဟာ နှစ်ဖက်လုံး မမြင်တဲ့သူ၊ အတွင်းတိမ်ရင့်မှည့်ဖြူဖွေးနေတဲ့သူ၊ အသက် ၈၀ ကျော်၊ ၉၀ ကျော် သက်ကြီးရွယ်အိုတွေ သိပ်များနေပါတယ်။

အသက်ရှည်ကြပေမယ့် မျက်စိက ကွယ်နေရှာတော့ အိမ်ထဲမှာပဲ ငုတ်တုတ်ထိုင်၊ မလှုပ်မယှက်နေရင်းနဲ့ ခြေထောက်တွေ ချည့်နဲ့သွားပြီး လမ်းတောင် မလျှောက်နိုင်ရှာတော့ပါဘူး။ သူတို့ပုံစံလေးတွေက ပီဘိကလေးငယ်လေးတွေလိုပါပဲ။ အသက်ရှိနေပေမယ့် ဘဝက ဘာမှအဓိပ္ပာယ်မရှိဘူးဆိုတာ သရုပ်ဖော်ပြနေသလိုပါပဲ။ အသက် ၉၃ နှစ် ရှိပြီဖြစ်တဲ့ ခမောက်စုရွာက အမေကြီး ဒေါ်တင်ငွေဆိုရင် မျက်စိနှစ်ဖက်လုံး မမြင်ရရှာတော့ပါဘူး။ "အမှောင်ထဲမှာပဲ ကျင့်သားရနေပါပြီ။ သူများကိုလည်း ဒုက္ခမပေးချင်ပါဘူး။ ဒါပေမယ့် မသေခင်လေး မြင်ချင်လွန်းလို့ပါကွယ်" လို့ သားနှစ်ယောက်ထမ်းလာတဲ့ စောင်ပုခက်အတွင်းမှာ ငုတ်တုတ်လေးထိုင်၊ စောင်စကို တင်းတင်းဆုပ်ပြီး သနားစဖွယ် ပြောနေရှာတဲ့ အမေအိုရဲ့စကားသံက ကျွန်မရဲ့ရင်ကို ထိခိုက်ခံစားစေရပါတယ်။ ခွဲပြီး နောက်တစ်နေ့ မြင်လည်းမြင်ရော ဝမ်းသာရှာလွန်းလို့ ခေါင်းလေးတလည်လည် ဟိုကြည့် ဒီကြည့်နဲ့။

"အောင်မလေးကွယ်၊ လူသေကို အသက်သွင်းပေးလိုက်သလိုပါပဲလား။ အဘွားမသေချင်သေးဘူး။ တရားမမှတွေ လုပ်ဦးမယ်။ အသေပြင်ရဦးမယ် သမီးရေ"လို့ အားပါးတရပြောတော့ ကျွန်မတို့ပြုခဲ့တဲ့ အလှူဒါနက ဘယ်လောက်များ မွန်မြတ်လိုက်ပါသလဲဆိုပြီး ဂုဏ်ယူနေမိပြန်တယ်။ အပြန်လမ်းမှာ စောင်ပုခက်ထဲကနေ အသံတစာစာနဲ့ ဟိုလှုနှုတ်ဆက်၊ ဒီလှုနှုတ်ဆက်ဆိုတော့ သားနှစ်ယောက်မှာ တပြုံးပြုံးနဲ့ အမေအိုရဲ့ ရွာအပြန်လမ်းက လှပလိုက်ပုံများလေ။

ပြီးတော့လည်း လေးမျက်နှာနယ်သားတွေက အလွန်စကားကြွယ်ကြပါတယ်။ ခွဲခန်းထဲမှာ မျက်စိခွဲနေရင်းနဲ့ သူတို့ဆီက စကားအထူးအဆန်းလေးတွေ၊ ဓလေ့ထုံးစံလေးတွေ သိချင်တာရယ်၊ အတွေ့အကြုံ မရှိတော့ ကြောက်မှာစိုးတာရယ်ကြောင့် စကားတွေအပြန်အလှန်ပြောမိပါတယ်။ လူတစ်ယောက်ကို ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ လူ့ဘဝဆိုတာလည်း ဇာတ်ခုံကြီးလိုပဲဆိုတော့ သူတို့ဘဝ၊ သူတို့အကြောင်းတွေက ရင်မောစရာ၊ ရင်နင့်စရာ၊ လွမ်းမောစရာတွေပါသလို မချိပြုံး ပြုံးရင်း ရယ်မောစရာတွေလည်းပါရဲ့။ ကျွန်မတို့ရဲ့ အနီးဆုံးမှာ ရှိနေကြတဲ့ ပြည်သူတွေရဲ့ ရင်တွင်းခံစားချက်တွေကို မြင်တတ်၊ ကြားတတ်ရုံမျှမက ခံစားနားလည် ဖြည့်ဆည်းပေးနိုင်ကြမှသာ ကျွန်မတို့တစ်တွေ လူဖြစ်ရကျိုးနပ်မှာပါ။

ရှိသေးတယ်၊ အဘကြီးတစ်ယောက်များ ခွဲစိတ်ပြီးလို့ နောက်တစ်နေ့ နေကာမျက်မှန်တပ်ပေးတဲ့အခါ "ဟာ. . . မြင်ရပြီ၊ မြင်ရပြီ။ ဆရာဝန်၊ ဆရာမတွေက ချောလိုက်ကြတာကွယ်"လို့ ထအော်တော့ "အဘက အခုမှ အမြင်မှန်ရတာကိုး" လို့ ပြန်နောက်မိပါတယ်။ ချက်ခနဲ ပြန်ပြောလိုက်တာများ "တကယ်ပါကွယ်၊ သမီးတို့မေတ္တာတွေက သီတာရေစင်ပမာ တသွင်သွင် စီးကျနေတာတောင် မြင်ရတယ်ဗျ"တဲ့လေ။ "ဒါတော့ ပိုလွန်းပြီထင်တယ် အဘရေ"လို့ပဲ ပြန်ပြောလိုက်နိုင်တော့တယ်။ စကားကြွယ်ပုံများ ပြောပါတယ်။

ဒီလိုနဲ့ပဲ ထူးခြားကြီးမြတ် ထိုက်တန်လှတဲ့ စက္ခုအလင်းအလှူပွဲကြီး အောင်မြင်ခဲ့ရပါတယ်။

တကယ်တော့ ဒီစကားလုံးတွေက ကျွန်မရဲ့စကားလုံးတွေမဟုတ်ပါဘူး။ အောင်ဆန်းဆရာတော် အမိန့်ရှိခဲ့တာပါ။ လေးမျက်နှာ ခရီးစဉ်အတွက် နှစ်လလောက် အလိုကတည်းက ပင်ပန်းအားထုတ်ခဲ့ရတာကို ဆရာတော် သိတော့ သံသရာငြိမ်းအေးမွှာရုံကြီးမှာ အလင်းအလှူအတွက် ရေစက်ချအမျှဝေတဲ့အခါ "စက္ခုအလင်းကွယ်ပျောက်နေရှာသူတွေရဲ့ဘဝကို ထွန်းလင်းစေနိုင်ခဲ့ပြီဖြစ်လို့ စီစဉ်သူတွေ၊ အလှူရှင်တွေနဲ့ ခွဲစိတ်ကုသပေးခဲ့သူအားလုံးဟာ ဒီကုသိုလ်ထူး၊ ကုသိုလ်မြတ်တွေနဲ့ ထိုက်သူတန်သူ ဧကန်စင်စစ်ဖြစ်ကြပါတယ်။ အခုလို အလင်းဓာတ်တွေရလို့ ပြုံးပျော်နေတဲ့ ကိုယ့်နယ်သူနယ်သားတွေကို မြင်ရတဲ့အခါ ပီတိတွေဖြစ်၊ ဝမ်းသာလှိုက်လှဲခံစားရပုံများ စာဖွဲ့မပြနိုင်ပါဘူး။ ခွဲပေးတဲ့ဆရာဝန်၊ ဆရာမတွေကို အထူးကျေးဇူးတင်လွန်းလို့ ကလေးငယ်တွေသာဆို ပခုံးပေါ်ထမ်းပြီး ရွာထဲလှည့်ပြလိုက်ချင်ပါရဲ့"လို့ ရင်တွင်းစကားကို မိန့်ဆိုတဲ့အခါ ကျွန်မလေ ပင်ပန်းရကျိုး၊ အားထုတ်ရကျိုး နပ်ပြီရယ်လို့ မျက်ရည်တွင်တွင်ကျမိတယ်။ တကယ်လည်း ထူးခြားတဲ့ပွဲပါပဲ။ လူနာတွေကို မျက်စိလည်းခွဲပေး၊ ထမင်းလည်းကျွေး၊ အိမ်တိုင်ရာရောက် ကြိုပို့ပေး၊ အဘက်ဘက်က ပြည့်စုံအောင် ဖန်တီးပေးနိုင်ခဲ့တဲ့ ဒီလိုခရီးစဉ်မျိုးက အရှားသားမဟုတ်လား။ ဒါကြောင့်လည်း မျက်စိဝေဒနာရှင် ၄၆၁၁ ဦးကို ကြည့်ရှုစစ်ဆေးပေးနိုင်ခဲ့ပြီး အတွင်းတိမ်လူနာ ၅၅၁ ဦးကို အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

အခုလို ခြိမ့်ခြိမ့်သဲသဲ အောင်မြင်ခဲ့ရတာလည်း ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ စီစဉ်ညွှန်ကြားမှု၊ အလှူရှင်တွေဖြစ်တဲ့ အောင်ဆန်းဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရနဲ့ တပည့် ဒါယကာ၊ ဒါယိကာမတွေ၊ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)နဲ့ မတည်အလှူရှင် ဦးနေဝင်း-ဒေါ်ခင်သင်းလွင် မိသားစုနဲ့ စန္ဒာမြိုင်ဆေးကုမ္ပဏီတို့ရဲ့ လှူဒါန်းပံ့ပိုးမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။

ဧရာဝတီရဲ့ မြစ်ခွဲဖြစ်တဲ့ ငဝန်မြစ်ရေဟာ မြို့ကို ဖြတ်စီးသွားတဲ့အခါ မြို့ဟောင်း၊ မြို့သစ်၊ အစိုးရရုံးစိုက်ရာမြေလို့ဆိုပြီး ဘယ်လိုပဲ မြို့လေးက သုံးပိုင်းဖြစ်နေပေမယ့် လေးမျက်နှာမြို့သူမြို့သားတွေရဲ့ စည်းလုံးညီညွတ်မှုအင်အားတွေနဲ့ အောင်မြင်မှုပြယုဂ်ကို သက်သေထူနိုင်ခဲ့တဲ့ ပွဲရယ်လို့ ရာဇဝင်မှာ တွင်ကျန်ရစ်တော့မှာပါပဲ။

အပြန်မှာ ငဝန်မြစ်ကိုဖြတ်ပြီး ရှေးဟောင်းဆုတောင်းပြည့် ထူပါရုံစေတီကို ဖူးမြော်ရတဲ့အခါ ရွှေဟင်္သာဆရာတော်ကြီးကို မှန်းမျှော်ကြည်ညိုပြီး ဦးခိုက်ပူဇော်မိပါတယ်။ "အမျှားအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လေ့"ဆိုတဲ့ ဆရာတော်ကြီးရဲ့ ကဗျာလေးကတော့ဖြင့် ကျွန်မတို့အားလုံးရဲ့ ဘဝခရီးမှာ ဘယ်လိုအခက်အခဲ၊ အတားအဆီးတွေပဲရှိရှိ ရဲရဲဝံ့ဝံ့ ရှေ့ဆက်လျှောက်လှမ်းနိုင်ဖို့ စိတ်ဓာတ်ခွန်အားတွေ ပေးစွမ်းစေနိုင်ခဲ့လို့ပါပဲ။

ဒီလိုနဲ့ပဲ လေးမျက်နှာမြို့လေးကို နှုတ်ဆက်လက်ပြ ထားရစ်ခဲ့ရပါပြီ။ တာပေါင်ရိုးပေါ်မှာ မေးတင်နေတဲ့ ဒေါင်းစကြာနေမင်းကြီးကတော့ ကမ္ဘာလောကကြီးကို အလင်းတွေပေးပြီးလို့ တစ်နေ့တာ တာဝန်တွေ ပြီးဆုံးပြီမို့ အနောက်ဂေါယာကျွန်းဆီကို ယွန်းလုပြီဖြစ်ပါတယ်။ ကျွန်မတို့ အားလုံးဟာလည်း အဖြူရောင်နှလုံးသားကို ရင်မှာပိုက်ပြီး မိမိတို့တတ်စွမ်းတဲ့ ပညာတွေနဲ့ ရင်းနှီးပေးဆပ်ခဲ့ရတဲ့ အလှူဒါနတွေကြောင့် လူတိုင်းလိုချင်မက်မော မြတ်နိုးကြတဲ့"အလင်းရောင်"ဆိုတဲ့ မျှော်လင့်ခြင်းရောင်ခြည်သစ်တွေကို ဖန်တီးပေးနိုင်ခဲ့ပါပြီ။ ကျွန်မတို့ စွမ်းဆောင်ပေးခဲ့တဲ့ အလင်းတွေက "အားသစ်ရောင်ခြည်"တွေအဖြစ်နဲ့ လယ်ကွင်းတွေရဲ့အကြား၊ ယာတောတွေရဲ့ အလယ်၊ သစ်လုံးတွေနဲ့ တူသံပေသံတွေရဲ့အကြား၊ မြစ်ကမ်းနဖူး နှီးရက်၊ ဖျာရက်တဲ့ နေရာတွေထိအောင် ပျံ့နှံ့လင်းလက်နိုင်စေရပြီမို့ ငဝန်မြစ်ကမ်းနံဘေးက "လေးမျက်နှာ" မြို့လေးမှာဖြင့် အလင်းပန်းတို့ ပွင့်လန်းဝေဆာနိုင်ခဲ့ရပြီလို့သာ ဆိုလိုက်ချင်ပါတော့တယ်။ ။

"စက္ခုအလင်းကွယ်ပျောက်နေရှာသူတွေရဲ့ဘဝကို ထွန်းလင်းစေနိုင်ခဲ့ပြီဖြစ်လို့ စီစဉ်သူတွေ၊ အလှူရှင်တွေနဲ့ ခွဲစိတ်ကုသပေးခဲ့သူ အားလုံးဟာ ဒီကုသိုလ်ထူး၊ ကုသိုလ်မြတ်တွေနဲ့ ထိုက်သူ တန်သူ ဧကန်စင်စစ်ဖြစ်ကြပါတယ်။ အခုလို အလင်းဓာတ်တွေရလို့ ပြုံးပျော်နေတဲ့ ကိုယ့်နယ်သူ နယ်သားတွေကို မြင်ရတဲ့အခါ ပီတိတွေဖြစ်၊ ဝမ်းသာလှိုက်လှဲခံစားရပုံများ စာဖွဲ့ မပြနိုင်ပါဘူး။ ခွဲပေးတဲ့ ဆရာဝန်၊ ဆရာမတွေကို အထူးကျေးဇူးတင်လွန်းလို့ ကလေးငယ်တွေသာဆို ပခုံးပေါ်ထမ်းပြီး ရွာထဲလှည့်ပြ လိုက်ချင်ပါရဲ့"

မြန်မာ-ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံ ရိုးရာ အားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ထက်လင်းတိုင်းရင်းဆေးဝါး လုပ်ငန်း၏ အဓိကပံ့ပိုးကူညီမှုဖြင့် H& S Group မှ ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်) စီစဉ်သည့် မြန်မာ-ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကို ၂၀၀၉ ခုနှစ် မေ ၂ ရက်နှင့် ၃ ရက် ညနေ ၃ နာရီတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

လုံးချောနှင့် ထိုးမည့် ဆာမူဘာပါ။

အဆိုပါနိုင်ငံတကာ လက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ-ဂျပန် စိန်ခေါ်ပွဲ လေးပွဲအပါအဝင် ပြည်တွင်းစိန်ခေါ်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ယင်းစိန်ခေါ်ပွဲတွင် မြန်မာ့လက်ဝှေ့ကျော်များဖြစ်ကြသည့် အလွတ်တန်း ဒင်္ဂုံရွှေအောင်လံဆုရှင် စောငမန်း(Ever Green)၊ အလွတ်တန်း ရွှေခါးပတ်ဆုရှင်လုံးချော(ညောင်တုန်း)၊ ပထမတန်း ဒင်္ဂုံရွှေအောင်လံဆုရှင် တွေ့မရှောင် (KLN)၊ မြန်မာ့ရိုးရာလက်ဝှေ့ကျော် ကြယ်လင်းအောင်တို့ ထိုးသတ်ကြမည်ဖြစ်ပြီး ဂျပန်ဘက်မှ မြန်မာ့

အလွတ်တန်း ရွှေခါးပတ်ချန်ပီယံ လုံးချော။

ရိုးရာလက်ဝှေ့နှင့် မစိမ်းသည့် ဂျူဒိုနှင့် ကရာတေးဒိုခါးပတ်နက်သမားများက လာရောက်ထိုးသတ်ကြမည်ဖြစ်သည်။

ကြယ်လင်းအောင်နှင့်ထိုးမည့် ဘူရီဒိုင်းတိုရှီယာ။

မြန်မာ-ဂျပန်မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများအဖြစ် ပထမတန်း ဒင်္ဂုံရွှေအောင်လံဆုရှင် အလဲထိုး၊ အကွဲထိုးပွဲဆက် စံချိန်ရှင် တွေ့မရှောင်နှင့် ဂျပန်ဂျူဒိုခါးပတ်နက်ကစ်ဘောက်ဆာသမား ခရေဇီဟေးလ်၊ မာဂုဏ်မြင့်ရာတွင် နာမည်ကျော်ပြီး သတ္တိအရာ၌ စံတင်လောက်သည့်ကြယ်လင်းအောင်နှင့် ဂျပန်ကရာတေးခါးပတ်နက် ကစ်ဘောက်ဆာသမား ဘူရီဒိုင်းတိုရှီယာ၊ ပူပူနွေးနွေး အလွတ်တန်း ဒင်္ဂုံရွှေအောင်လံဆုရှင် စောငမန်းနှင့်ဂျပန်ဂျူဒိုခါးပတ်နက် ကစ်ဘောက်ဆာသမား ဂျင်ဘာဝါဟီရိုဘီ၊ အလွတ်တန်း ရွှေခါးပတ်ပိုင်ရှင် လုံးချောနှင့် ဂျပန်ကရာတေး ခါးပတ်နက်၊ ဂျူဒိုခါးပတ်နက် ဆာမူဘာပါတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာ- ဂျပန်

မြန်မာ့လက်ဝှေ့ကျော် ကြယ်လင်းအောင်။

လက်ဝှေ့စိန်ခေါ်ပွဲမှာ ၂၀၀၈ ခုနှစ် နိုဝင်ဘာလအတွင်းက ကျင်းပခဲ့သော မြန်မာ-ထိုင်းလက်ဝှေ့ စိန်ခေါ်ပွဲအပြီး ပြန်လည်ကျင်းပသည့် နိုင်ငံတကာ ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲဖြစ်ပြီး ထိုင်း မွေထိုင်းလက်ဝှေ့သမားများနှင့် ထိုးသတ်ခဲ့သူ လေးဦးထဲမှ လုံးချော၊ စောငမန်းနှင့်တွေ့မရှောင်တို့ပြန်လည် ပါဝင်လာကြသည်။ မြန်မာလက်ဝှေ့

အလွတ်တန်းဒင်္ဂုံရွှေအောင်လံဆုရှင် စောငမန်း။

ကျော်များမှာ ၂၀၀၄ ခုနှစ်အတွင်းကလည်း ဂျပန်လက်ဝှေ့ကျော်များနှင့် ရန်ကုန်မြို့တွင် ရင်ဆိုင်ထိုးသတ်ခဲ့ဖူးကြောင်း သိရသည်။

နှစ်ရက်တိုင်တိုင် ကျင်းပမည့် မြန်မာ-ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် မေ ၂ရက် ပထမနေ့၌ တွေ့မရှောင်(မြန်မာ)နှင့်ခရေဇီဟေးလ် (ဂျပန်)၊ ကြယ်လင်းအောင် (မြန်မာ) နှင့် ဘူရီဒိုင်းတိုရှီယာ (ဂျပန်)၊ ငါးချီ စိန်ခေါ်ပွဲများအဖြစ် စစ်အောင် (နှစ်ရှည်ဥယျာဉ်ခြံ)နှင့် မြားတစ်စင်း (ရက္ခပ္ပာလ)၊ ဆက်ထူးအောင် (တောင်ကလေး)နှင့် လုံးချောလေး (ရက္ခပ္ပာလ)၊ ရွှေမိုးသီး (ဘိလပ်မြေစက်ရုံ)နှင့် ခိုင်လင်း (တောင်ကလေး)၊ ဝမ်းတူး(ဒေါင်းမြန်မာ)နှင့် ကချင်လေး (ဘိလပ်မြေစက်ရုံ)၊ လေးချီစိန်ခေါ်ပွဲများအဖြစ် ထွန်းလူ (တိုက်ဂါး)နှင့် စောဇော်မင်း (အဖြူရောင်သွေးသစ်)၊ စလုကာ(မိုးသောက်ကြယ်)နှင့် နိုင်လင်း (ဒေါင်းမြန်မာ)၊ ရွှေရဲလေး (အဖြူရောင်သွေးသစ်)နှင့် စောသာဖို(မြန်မာသွေးသစ်) စုစုပေါင်းကိုးပွဲ ကျင်းပမည်ဖြစ်သည်။ မေ ၃ ရက် ဒုတိယနေ့၌ လုံးချော (မြန်မာ)နှင့် ဆာမူဘာပါ (ဂျပန်)၊ စောငမန်း(မြန်မာ)နှင့် ဂျင်ဘာဝါဟီရိုဘီ(ဂျပန်)၊ ငါးချီစိန်ခေါ်ပွဲများအဖြစ် ဒေါဂျစ်(လယ်/ဆည်)နှင့် မင်းထက်ကျော် (တိုက်ဂါး)၊ ရန်ဆက်နိုင်(တောင်ကလေး)နှင့် ရွှေမိုးကောင်း (ဘိလပ်မြေစက်ရုံ)၊ ပိုင်သစ်မိုး (တောင်ကလေး)နှင့် ရွှေချစ်သွေး (နှစ်ရှည်ဥယျာဉ်)၊ စိုးလင်းဦး(တောင်ကလေး)နှင့် စနေထွန်း (မြန်မာ့သွေးသစ်)၊ လေးချီ စိန်ခေါ်ပွဲများအဖြစ် ဝမ်းစတား (Ever Green)နှင့် ဂျက်

စောငမန်းနှင့်ထိုးမည့်ဂျင်ဘာဝါဟီရိုဘီ။

စင်အောင်(ဒေါင်းမြန်မာ)၊ အောင်သူရ (ဒေါင်းမြန်မာ)နှင့် ရွှေမျိုးဝင်း (အဖြူရောင်သွေးသစ်)၊ လှစ်လှစ်လေး(သူရဲကောင်း)နှင့် အုပ်စိုး (တိုက်ဂါး)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဝင်ကြေးအဖြစ် အထူးတန်း ကျပ်တစ်သောင်း၊ ရိုးရိုးတန်း ကျပ်ခုနစ်ထောင်သတ်မှတ်ထားပြီး ကြိုတင်

ပထမတန်း ဒင်္ဂုံရွှေအောင်လံဆုရှင် တွေ့မရှောင်။

လက်မှတ်များကို ဇော်ပစ်တိုင်းထောင် ဗီဒီယို၊ အမှတ်(၁၇၄)၊၃၅လမ်း(လယ်) ကျောက်တံတားမြို့နယ် ဖုန်း- ၃၈၇ ၆၅၀၊ ၀၉၅၁၂၉၂၄၄ ၌ ဝယ်ယူနိုင်ကြောင်း သိရသည်။

တွေ့မရှောင်နှင့် ထိုးမည့် ခရေဇီဟေးလ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပမည့် AFC Challenge Cup ဘောလုံးပြိုင်ပွဲ မြန်မာဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မေ ၂၆ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် AFC Challenge Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(က)ပွဲစဉ်များကို မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **(ယာပုံ)**

ခြေစစ်ပွဲဝင် မြန်မာ့လက်ရွေးစင် အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးလှဌေး (Sara F.C)၊ အုပ်ချုပ်သူ ဦးတင်ဟန်၊ နည်းပြချုပ် ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြများ ဦးဇော်ဝင်းထွန်းနှင့် ဦးအောင်ကျော်ကျော်၊ ဆေးမှူး ဒေါက်တာ အောင်ကျော်ဦး၊ သူနာပြု ဦးဘကြိုင်နှင့် ဂိုးသမား ကျော်ဇင်ထက် (ကမ္ဘောဇ)၊ ဇော်မိုးထက်(ဇေယျာရွှေမြေ)၊ နောက်တန်း မျိုးဇော်ထွန်း (ဇေယျာရွှေမြေ)၊ ဟန်ဝင်းအောင် (ကမ္ဘောဇ)၊ အေးဆန်း (ကမ္ဘောဇ)၊ စိုးဝင်း (ကမ္ဘောဇ)၊ ဝင်းမင်းထွန်း(ကမ္ဘောဇ)၊ ခင်မောင်လွင် (ကမ္ဘောဇ)၊ အလယ်တန်း ဘိုဘိုအောင် (မကွေး F.C)၊ စိုးမင်းနိုင် (မကွေး F.C)၊ အောင်မျိုးသန့်(ဇေယျာရွှေမြေ)၊ ဇော်ထက်အောင် (မကွေး F.C)၊ တင်ဝင်းအောင် (ရန်ကုန်ယူနိုက်တက်)၊ စိုးသီဟအောင် (Delta United)၊ မျိုးမင်းထွန်း (ရန်ကုန်ယူနိုက်တက်)၊ ပိုင်စိုး (ရတနာပုံ F.C)၊ ရှေ့တန်း ထွန်းထွန်းဝင်း (ရတနာပုံ F.C)၊ ရာဇာဝင်းသိန်း (ဇေယျာရွှေမြေ)၊ ပြည့်ဖြိုးဦး (မကွေး F.C)နှင့် အောင်ကျော်မျိုး (Delta United) တို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် ခြေစစ်ပွဲတွင် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ မကာအိုတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး မေ ၂၆ ရက်တွင် မကာအိုအသင်း၊ ၂၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်း၊ ၃၀ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၄း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၄း၅၀ ၈။ ဗွီစီဒီကျော်ကြားတေး
- ၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေး ကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၀ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြီးမြတ်သူတို့ နှလုံးသား အပိုင်း(၄၄)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ Talk of the Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှလုံးသားအလှ သစ္စာတရား အပိုင်း(၄၇)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ကျေးလက်ရေရရှိရေး ဆောင်ရွက်

ရေတာရှည် မေ ၂၆

ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် စည်ပင်ဘဏ်လှူဒါန်းငွေနှင့် ပြည်သူထည့်ဝင် လှူဒါန်းငွေတို့ ပူးပေါင်းဆောင်ရွက်သောတစ်လက်မခွဲတွင်းတိမ် တူးဖော်ဆောင်ရွက်ခြင်း လုပ်ငန်းကို အင်ကြင်းကုန်းကျေးရွာ၌ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင်ကိုကိုနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသက်နိုင်ဦးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ငွေကောက်ခံရေးစခန်းမှ ကတ်ကို ကွန်ပျူတာဖြင့် ဖတ်ယူစစ်ဆေးမည်ဖြစ်သည်။ ခရီးစဉ်အတွက် ငွေသွင်းလာခြင်း မှန်ကန်ပါက မောင်းတံ အလိုအလျောက် ဖွင့်ပေးမည် ဖြစ်သည်။ ငွေကောက်ခံရေးစခန်းတွင် ကီလိုမီတာ ၁၀၀ အမြန်နှုန်းမှ ၈၀ ကီလိုမီတာ၊ ၆၀ ကီလိုမီတာ၊ ၄၀ ကီလိုမီတာ အမြန်နှုန်း အဆင့်ဆင့် လျှော့ချ၍ ၂၀ ကီလိုမီတာ အမြန်နှုန်းတွင် ကွန်ပျူတာမှ ဖတ်ပြီး ယင်းနောက် မောင်းတံအလိုအလျောက် ပွင့်သွားကာ ဆက်လက် ထွက်ခွာနိုင်မည် ဖြစ်သည်။

ဖြတ်သန်းသွားလာ

ရန်ကုန်- မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း)တွင် ဖြတ်သန်း သွားလာနေသော ခရီးသည်တင်ယာဉ် တစ်စီးကို တွေ့ရစဉ်။

ငွေကြိုတင်ပေးသွင်း

Pre Paid Card စနစ်ဖြင့် ငွေကြိုတင်ပေးသွင်းထားသော ကားတစ်စီး ကီလိုမီတာ ၂၀ အရှိန်နှုန်းဖြင့် ဖြတ်သန်းမောင်းနှင်သွားနိုင်ကြောင်း သရုပ်ပြသနေစဉ်။

❐ ရွှေ့ဖုံးမှ

ငွေကောက်ခံရေး စခန်းမှ ယင်းကတ်ကို ကွန်ပျူတာဖြင့် ဖတ်ယူစစ်ဆေးမည် ဖြစ်သည်။ ခရီးစဉ်အတွက် ငွေသွင်းလာခြင်း မှန်ကန်ပါက မောင်းတံ အလိုအလျောက် ဖွင့်ပေးမည်ဖြစ်သည်။ ငွေကောက်ခံရေးစခန်းတွင် ကီလိုမီတာ ၁၀၀ အမြန်နှုန်းမှ ၈၀ ကီလိုမီတာ၊ ၆၀ ကီလိုမီတာ၊ ၄၀ ကီလိုမီတာ အမြန်နှုန်း အဆင့်ဆင့် လျှော့ချ၍ ၂၀ ကီလိုမီတာ အမြန်နှုန်းတွင် ကွန်ပျူတာမှဖတ်ပြီး ယင်းနောက် မောင်းတံအလိုအလျောက် ပွင့်သွားကာ ဆက်လက်ထွက်ခွာနိုင်မည်ဖြစ်သည်။

ကြိုတင်ငွေပေးချေထားသော မော်တော်ယာဉ်များ ဖြတ်သန်းခြင်း

ကြိုတင်ငွေပေးချေထားသော မော်တော်ယာဉ်များ ဖြတ်သန်းရာတွင် အဆင့်မြင့်နည်းစနစ်များကို အသုံးပြုထားသည်။ အဆိုပါစနစ်သည် မော်တော်ယာဉ်ကို ရပ်တန့်ရန် မလိုဘဲ မော်တော်ယာဉ် ဝင်ချိန်၊ ထွက်ချိန်နှင့် ရက်စွဲတို့ကို တိကျစွာ မှတ်တမ်းတင်ပေးနိုင်သည်။ မည်သည့်နေရာမှ ဝင်၍ မည်သည့်နေရာမှ ထွက်သည်ကို အချိန်နှင့် တိကျစွာ မှတ်တမ်းတင်ထားရှိနိုင်သည်။ တိုးဂိတ် အားလုံးကို ကွန်ရက်စနစ်ဖြင့် အချိန်ပြည့် ဆက်သွယ်ထားရှိသည်။ သက်တမ်းတိုးခြင်း၊ ရပ်စဲခြင်းများကို ကွန်ပျူတာစနစ်ပေါ်မှ တိုက်ရိုက်ထိန်းချုပ်ပေးနိုင်သည်။

မော်တော်ယာဉ်သည် Tour Gateကို ဖြတ်သန်းသွားချိန်တွင် အဆိုပါကတ်ကိုဂိတ်၏ Sensor Unit မှ ဖတ်ပြီး မှန်ကန်ပါက မောင်းတံအလိုအလျောက် ဖွင့်ပေးမည်ဖြစ်သည်။ ဖြတ်သန်းခွင့်ကတ်မပါရှိဘဲ မောင်းနှင်သွားပါက Tour Gate တစ်ခုလုံးရှိ အချက်ပေးစနစ်မှ Alarmဖြင့် အချက်ပေးမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် Tour Gateရှိ ကင်မရာများမှ ဆက်တိုက်ဓာတ်ပုံ မှတ်တမ်းတင်ထားမည် ဖြစ်သည်။ ကြိုတင်ငွေပေးချေထားသည့်ကတ်မပါရှိသော ကားများအတွက် သီးခြားဆောင်ရွက်ပေးမည်။

ကြိုတင်ခွင့်ပြုချက်ရပြီးသော မော်တော်ယာဉ်များအတွက် သီးသန့်လမ်း သတ်မှတ်ပေးထားပြီး သာမန်မော်တော်ယာဉ်များ အနေဖြင့် ယင်းလမ်းကို ဝင်ရောက် မောင်းနှင်ခွင့် မရှိပါ။ ဝင်ရောက် မောင်းနှင်မည်ဆိုပါက ကင်မရာမှ မှတ်တမ်းတင်ပြီး တာဝန်ရှိသူအဆင့်ဆင့်ထံ ပေးပို့တင်ပြနိုင်ခြင်းနှင့် ဆက်သွယ်ရေးစနစ်ဖြင့် အခြားဂိတ်များသို့ အကြောင်းကြားခြင်း ဟူသည့် နည်းလမ်းနှစ်မျိုးဖြင့် စိစစ်မည်ဖြစ်သည်။ ကြိုတင်ခွင့်ပြုချက်ကတ်မပါရှိသော မော်တော်ယာဉ်များ ကြိုတင်ခွင့်ပြုချက်ဖြင့် ဖြတ်သန်းခွင့်ပြုသည့် ယာဉ်လမ်းကြောင်းမှ ဝင်ရောက်လာလျှင် မီးပွိုင့်မှာ အနီရောင်ပြပြီး မောင်းတံမှာ ဖွင့်ပေးမည် မဟုတ်ပေ။ အကယ်၍ အဆိုပါ မော်တော်ယာဉ်သည် မောင်းတံကို တိုက်၍ ဖြတ်သန်းမောင်းနှင်မည် ဆိုပါက အချက်ပေးဥသြသံဆွဲ၍ Tour Gate တစ်ခုလုံးသို့ အသိပေးမည် ဖြစ်သည်။

လက်ငင်းငွေချေသော မော်တော်ယာဉ်များအတွက် ဂိတ်မှ ဆောင်ရွက်ပုံ အဆင့်ဆင့်

ဂိတ်မှဆောင်ရွက်ပုံ အဆင့်ဆင့်မှာ မောင်းတံရှေ့တွင် ရပ်ထားသော ကားမှ ကားနံပါတ်နှင့် ယာဉ်မောင်းတို့၏ ဓာတ်ပုံတို့ကို မှတ်တမ်းတင်မည်၊ လမ်းအသုံးပြုခ ပြေစာ ထုတ်ပေးမည်၊ ပြေစာအရ လမ်းအသုံးပြုခ ကောက်ခံမည် (ပြေစာကို အတုအပမပြုလုပ်နိုင်အောင် စီမံထားပါသည်။) လမ်းအသုံးပြုခ ရပြီးပါက မောင်းတံ ဖွင့်ပေးမည်၊ မော်တော်ယာဉ်နှင့် ပတ်သက်သော အကြောင်းအရာများ မှတ်တမ်းတင် ထားရှိမည်၊ Bar Codeစနစ်ကို အသုံးပြုမည်၊ စစ်ဆေးလိုပါက ဖော်ပြပါ Bar Code အတိုင်း အဝင် အထွက်ဂိတ်များကို စိစစ်နိုင်သည်။

ဤသို့ဖြင့် နိုင်ငံတကာ အဆင့်မီလမ်းမကြီးနှင့်အညီ ခေတ်မီလမ်းအသုံးပြုခ ကောက်ခံမည့် စနစ်ကို စာရေးသူ ဤသို့ လေ့လာမှတ်သားခဲ့ရပါကြောင်း။ ။

လက်ငင်းငွေချေ

Pre Paid Card မသုံးဘဲ လက်ငင်းငွေချေသော မော်တော်ယာဉ်များ ဂိတ်တွင် ရပ်၍ ငွေသွင်းခြင်း၊ ပြေစာဖြတ်ခြင်းစသည်ဖြင့် ပြုလုပ်ရန် လိုအပ်မှုကို သရုပ်ပြသနေစဉ်။

✻ ကျောဖုံးမှ

ကျွန်တော်တို့သည် ဘားအံမြို့မှ နံနက်စောစောထ၍ ထို့ကော်ကိုးကျေးရွာသို့ ခရီးနှင်ခဲ့ရာတွင် တိုက်တိုက်ဆိုင်ဆိုင် သကြ်န်အကြို မိုးစက်မိုးပေါက်တို့နှင့် ထိတွေ့ခွင့်ရခဲ့သည်။

ကွယ်လွန်သူ KNU/KNLA ဥက္ကဋ္ဌ ဟောင်း စောဘိုမြ၏သားဖြစ်သူ ဗိုလ်ကြီး အဆင့်ရှိ စောနေစိုးမြ ဦးစီးအင်အား ၇၁ဦး၊ မှီခိုသူမိသားစုဝင် ၈၈ဦး စုစု ပေါင်း ၁၅၉ ဦးတို့သည် လက်နက်မျိုးစုံ ၂၄ လက်၊ ခဲယမ်းမီးကျောက် ဆက်စပ် ပစ္စည်းများနှင့်အတူ မတ် ၃၀ ရက်တွင် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ရှိရာ ထို့ကော်ကိုးကျေးရွာသို့ လာရောက် ပူးပေါင်းခဲ့ကြရာ ထို့ကော်ကိုးဒေသ အပါအဝင် ကရင်ပြည်နယ်တစ်ဝန်းလုံး၏ ငြိမ်းချမ်းမှုအတိတ်နိမိတ်ကို ပိုမိုဆောင် စေမည့် ငြိမ်းချမ်းရေးမိုးစက်မိုးပွင့်များ ဟုသာ တင်စားမိပေသည်။

ထို့ကော်ကိုးကျေးရွာသို့ နဘူးလမ်းခွဲမှ တစ်ဆင့် ခရီးဆက်ထွက်ခွာခဲ့ရာ ကျေးရွာ အနီးရှိ လမ်းဘေးဝဲ/ယာ တစ် လျှောက်၌ ရော်ဘာစိုက်ခင်းများ၊ ကျွန်း စိုက်ခင်းများဖြင့် စိမ်းလန်းဝေဆာလျက် ရှိသည်ကို တွေ့မြင်ခဲ့ရပေသည်။

KNU/KNLA ငြိမ်းချမ်းရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ထိန်မောင်။

ထို့ကော်ကိုးကျေးရွာသို့ ရောက်သော် နိုင်ငံတော်က ဖထီးထိန်မောင်နှင့် အဖွဲ့ဝင်များအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လျှင် ဝင်ရောက်ချင်း နေအိမ် အဆောက်အအုံများ၊ ကားလမ်းများ၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ ဝင်းသူဇာအရောင်းဆိုင်များ၊ စိုက်ပျိုးရေး အတွက် ပတချောင်းကို ပြန်လည်ဆည် ပေးကာ နဘူးဆည်၊ ပတဆည်တို့ကို ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ စားဝတ်နေရေးအတွက် ဝက် ၁၀၂ ကောင်၊ ကြက်ကောင်ရေ ၁၈၂၀၀၊ ဆိတ်ကောင်ရေ ၁၀၀ နှင့် လယ်ဧက ၁၀၀၊ ရော်ဘာဧက ၁၅၀၀ စိုက်ပျိုးပေးခဲ့ပြီး မွေးမြူရေးအနေဖြင့် ငါးကန်များ တူးဖော်ကာ ငါးကောင်ရေ ၆၀၀၀၀ ကိုလည်း မွေးမြူပေးခဲ့သည်။

ယခုနှစ်တွင် လယ် ၁၂၅ ဧကကို ကိုယ်တိုင် စိုက်ပျိုးလျက်ရှိသကဲ့သို့ မိသားစုတစ်စုလျှင် ရော်ဘာ သုံးဧကစီ ဖြင့် စုစုပေါင်း ၄၅၃ ဧက ဖော်ထုတ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုလတ်တလော ဥပဒေဘောင် အတွင်း ဝင်ရောက်လာသည့် KNU/ KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့ဝင် ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြတို့အဖွဲ့ အတွက် ရေမီးအစုံအလင်၊ ပျဉ်ခင်း သွပ်မိုး အိမ်အလုံး ၅၀၊ အုတ်ညှပ်သွပ်မိုး အိမ်သုံးလုံး အပါအဝင် စားဝတ်နေရေး ကိစ္စအဝဝကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက် ပေးနေသကဲ့သို့ ဒေသဖွံ့ဖြိုးရေးအတွက် ရွာတွင်း ၁၉ လမ်းရှိ အရှည် ၃/၁ မိုင် ကို ကျောက်ချောလမ်းအဖြစ် ဆောင် ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် ထို့ကော်ကိုးကျေးရွာသို့ ရောက်တုန်း ရောက်ခိုက် ဖထီးထိန်မောင်၊ စောနေ စိုးမြတို့နှင့် တွေ့ဆုံနှုတ်ဆက်ခွင့်ရခဲ့ပြီး ငြိမ်းချမ်းရေး တေးသံများကိုလည်း ကြားနာခွင့်ရခဲ့ပါသည်။

ကရင်ပြည်နယ်လူထု၏ ကောင်းစား ရေးကို အမှန်တကယ် လိုလားသူတို့၏ ငြိမ်းချမ်းရေးတေးသံကား ချိုမြိန်လွန်းလှ ပါသည်။

စောနေစိုးမြ၏ ငြိမ်းချမ်းရေးတေးသံ များထဲတွင် "ဥပဒေဘောင်အတွင်း ဝင်ရောက်ချင်ကြတဲ့ လက်ကျန် KNU ထဲကသူတွေလဲ အများကြီးရှိပါသေး တယ်။ ဒါပေမယ့် ခေါင်းဆောင်ပိုင်းက ဒုက္ခသည်စခန်းထဲက ထွက်ခွင့်မပေးတာ တို့၊ အောက်လက်ငယ်သားတွေကို ခြိမ်းခြောက် အကျပ်ကိုင်ထားတာတို့ ကြောင့် ကျန်နေခဲ့သူတွေ အများကြီးရှိ ပါတယ်။ တချို့ တစ်ယောက်တလေ ထွက်ပြေးကြရင်လဲ လိုက်ပြီးပစ်သတ် တဲ့အထိ လုပ်တာတွေ ရှိပါတယ်" ဟူ သော ဆိုစကားကြောင့် ဝမ်းနည်းမိရပါ တယ်။

ပြည်တွင်းပြည်ပမှ အဆိုးမြင်ဝါဒီ များနှင့် ပြည်ပအသံလွှင့်ဌာနအချို့သည် ဖထီးတို့၊ အမိုးတို့၊ ဖိုးခွားတို့ ယခင် တစ်ချိန်က ခံစားခဲ့ကြရသည့် ဒုက္ခနွံတွင်း က ဘဝတို့ကို ကိုယ်ချင်းမစာနိုင်ကြဘဲ တည်ငြိမ်အေးချမ်းမှု ပြိုကွဲအောင် ဘေးတီးဖြိုခွဲလျက်ပင် ရှိကြတုန်းပါ တကား။

သို့ဖြင့်လင့်ကစား နိုင်ငံတော်အစိုးရ အနေဖြင့် အမျိုးသားရေးတာဝန်ဖြစ် သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ် ထားပြီး တိုင်းရင်းသားစည်းလုံးညီညွတ် ရေးကို အပြည့်အဝတည်ဆောက်ခဲ့ရာ တွင် နိုင်ငံတော်အစိုးရ၏ စိတ်ရင်း စေတနာမှန်ကို သိရှိနားလည်လာခဲ့ကြ သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီး ၁၇ ဖွဲ့နှင့် အဖွဲ့ငယ် ၂၀ ကျော် တို့သည် ယခုဆိုလျှင် ဥပဒေဘောင် အတွင်း ဝင်ရောက်လာခဲ့ကြပြီးဖြစ် သည်။ နိုင်ငံတော်အစိုးရနှင့် လက်တွဲ ကာ သက်ဆိုင်ရာနယ်မြေဒေသအလိုက် ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်း များကို ဆောင်ရွက်နိုင်ခဲ့ကြသည့် အတွက် ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ရရှိခံစားနေကြပြီဖြစ်ပေသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် ပြီးခဲ့သည့်နှစ်က ကရင်ပြည်နယ်အတွင်းရှိ ဘုရားကုန်း ငြိမ်းချမ်းရေးဒေသနှင့် မြဝတီမြို့ရှိ ရွှေကုက္ကိုကျေးရွာ၊ မေတ္တာ လင်းမြိုင်ကျေးရွာတို့သို့လည်း ခရီးဆန့် ရောက်ဖူးခဲ့ရာ ငြိမ်းချမ်းရေး၏ အသီး အပွင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို လည်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရ ဖူးပေသည်။ ငြိမ်းချမ်းရေးဝါဒီတို့၏ ချိုမြသော ငြိမ်းချမ်းရေးတေးသံများကို လည်း ကြားနာခဲ့ရဖူးပေသည်။

ထိုစဉ်က ဖထီးဖဒိုအောင်ဆန်း၏ "မြန်မာနိုင်ငံဟာ တကယ်အေးချမ်း သာယာတဲ့ တိုင်းပြည်ပါ။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်း ပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး မကြာမီ ပေါ်ပေါက်လာတော့မှာဖြစ်တဲ့ အတွက် ဖထီးစိတ်ထဲမှာ အခုကတည်း က ပီတိဖြစ်နေပြီ။ အခုဆို ဖထီး ငြိမ်းချမ်းမှုရဲ့ အေးမြတဲ့အရသာကို ပိုပြီး ခံစားရပါတယ်။ အရင် တောတွင်းလက် နက်ကိုင် ဘဝကဆိုရင် အမြဲပူနေရတာ၊ အခုမြင်တွေ့နေရတဲ့ ဒေသဖွံ့ဖြိုး တိုးတက်မှုတွေဟာ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေပဲ" ဆိုသည့် ငြိမ်းချမ်း ရေး တေးသံကိုလည်းကောင်း၊ ရွှေကုက္ကို ကျေးရွာနေ ဦးစောချစ်သူ၏ "ဟိုအရင် က ဒီဒေသတွေဟာ မငြိမ်းချမ်းခဲ့ပါဘူး။ နိုင်ငံတော်နဲ့ ကျွန်တော်တို့ ငြိမ်းချမ်း ရေးရယူပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ ဒီဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက် ၁၉၉၇ ခုနှစ်ကတည်းက

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ■

KNU/KNLA ငြိမ်းချမ်းရေး ကောင်စီရှိရာ ထို့ကော်ကိုးကျေးရွာသို့ လာရောက်ပူးပေါင်းခဲ့သူ ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြ။

ငြိမ်းချမ်းရေး အသီးအပွင့်များအဖြစ် ဒေသတွင်း လူ့စွမ်းအား အရင်းအမြစ်များစွာကို မွေးထုတ်ပေးမည့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)။

"မြန်မာနိုင်ငံဟာ တကယ်အေးချမ်း သာယာတဲ့ တိုင်းပြည်ပါ။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်း ပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး မကြာမီ ပေါ်ပေါက်လာတော့မှာဖြစ်တဲ့အတွက် ဖထီး စိတ်ထဲမှာ အခုကတည်းက ပီတိဖြစ်နေပြီ။ အခုဆို ဖထီး ငြိမ်းချမ်းမှုရဲ့ အေးမြတဲ့ အရသာကို ပိုပြီးခံစားရပါတယ်။ အရင် တောတွင်းလက်နက်ကိုင်ဘဝကဆိုရင် အမြဲပူနေရတာ၊ အခု မြင်တွေ့နေရတဲ့ ဒေသဖွံ့ဖြိုးတိုးတက်မှုတွေဟာ ငြိမ်းချမ်း ရေးရဲ့ အသီးအပွင့်တွေပဲ"

ဖွဲ့ကပင်၏ သာယာလှပမှုနှင့် ငြိမ်းချမ်းရေးချိုးငှက်တို့၏ တေးဆိုသံများဖြင့် ပိုမိုအေးချမ်း သာယာဖွံ့ဖြိုးလာတော့မည့် ဖွဲ့ကပင်မြေ။

■ စာမျက်နှာ ၉ မှ

စတင်ဆောင်ရွက်ခဲ့ပါတယ်။စတင်နေထိုင်စဉ်က တဲခုနစ်လုံးသာရှိခဲ့ပေမယ့် အခုဆိုတစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းက တိုင်းရင်းသားတွေအပါအဝင် တိုင်းရင်းသားပေါင်းစုံ လာရောက်နေထိုင်ကြတဲ့အတွက် အိမ်ထောင်စု ၁၅၀၀ ကျော်ရှိလာပါပြီ။

နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေးနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ပံ့ပိုးကူညီပေးခဲ့ပါတယ်” ဟူသည့် ငြိမ်းချမ်းရေးတေးသံကိုလည်းကောင်း၊မေတ္တာလင်းမြိုင်ကျေးရွာနေ ဦးစောမုတ်သုန် (ခေါ်) ဦးစောမောသို၏ “ကိုယ့်နိုင်ငံလောက်ဘယ်မှာမှ မကောင်းပါဘူး။ မိဘအရင်းက အကောင်းဆုံးပါ။ ယုတ်စွအဆုံး မြဝတီမှာ သပြေပန်း ချိုးရောင်းတာတောင်ထမင်းမငတ်ပါဘူး။

အခိက ကတော့ ကိုယ့်တိုင်းရင်းသားတွေ တစ်ဖက် ဒုက္ခသည်စခန်းတွေမှာဒုက္ခမရောက်စေချင်လို့ပါ” ဟူသောငြိမ်းချမ်းရေးတေးသံကို လည်းကောင်းယခုတိုင် ပြန်လည် ကြားယောင်မိပေသည်။

ထိုသို့သော ငြိမ်းချမ်းရေးဝါဒီ၊ အမှန်တရားကို ရှုမြင်နိုင်သော ဓမ္မဝါဒီများ ပိုမိုအားကောင်းလာသည်နှင့်အမျှ ကရင်ပြည်နယ်၏ ငြိမ်းချမ်းရေးတေးသံသည်လည်းပြည်နယ်တစ်ဝန်း ပိုမိုပျံ့လွင့်ဝေဆာလာပါလိမ့်မည်။

အားမာန်ဝင့်ချီ

စုစည်းညီညွတ်မှု အားမာန်တို့ကြောင့်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှုသည်လည်း ရှေ့သို့ပိုမိုအားမာန်ဝင့်ချီ အရောက်လှမ်းနိုင်ပေလိမ့်မည်။ မိမိတို့ ကရင်ပြည်နယ်၏ မြို့တော် ဘားအံမြို့မှ ပြန်ထွက်ခွာလာချိန်ကား ညချမ်းချိန်ခါဖြစ်သည်။ နံနက်မိုးသောက်သော် အလင်းသို့ ရောက်ပါလိမ့်မည်။

သံလွင်တံတား(ဘားအံ)ကို ကျော်ဖြတ်ရန် လမ်းကွေ့မချိုးမီ ပြည်နယ်၏ အထိမ်းအမှတ် ဇွဲကပင်တောင်ကြီးက မိမိတို့အားလှမ်း၍ နှုတ်ဆက်လက်ပြသယောင် ထင်မှတ်မိပေရာ ရင်တွင်းမှ “ထာဝရငြိမ်းချမ်းပါစေ ဇွဲကပင်မြေ”ဟူ၍သာ ပြန်လည်၍ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သလိုက်ရပါသည်။ ။

ထို့ကော်ကိုးကျေးရွာ ရှိ ညီညာ ပြန့်ပြူးသော ကျေးရွာတွင်း လမ်းများကို တွေ့ရစဉ်။

ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၏ အသီးအပွင့်များအဖြစ် နည်းပညာတက္ကသိုလ် (ဘားအံ) ပေါ်ထွန်းလာခဲ့ချေပြီ။

ငြိမ်းချမ်းရေး၏ အသီးအပွင့်များနှင့်အတူ ပေါ်ထွန်းလာသော ဘားအံတက္ကသိုလ်။

ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ (၅)ရပ်ကွက်ရှိ လူမှုရေးအသင်းအဖွဲ့များပူးပေါင်းကာ သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၉ ရက် နံနက်ပိုင်းက အမှတ် (၁၉)ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဇနီး ဒေါ်တင်ပပဝင်းနှင့်အဖွဲ့က အဘိုး၊ အဘွားများအား ဂါရဝပြုပစ္စည်းများဖြင့် ပူဇော်ကန်တော့စဉ်။ (ကြေးမုံ)

သာစည် ပြန်/ဆက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် စာဖတ်ဝိုင်းကျင်းပ

သာစည် ဧပြီ ၂၆

သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဧပြီ ၁ ရက် နံနက် ၁၀နာရီက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ဝိုင်းကျင်းပရာ အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်နှင့် ဝန်ထမ်းများတက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က အမှာစကားပြောကြားသည်။

ထို့နောက် စာထောက်-၃ ဒေါ်ထွေးထွေးစိန်က မတ် ၃၀ ရက်ထုတ် ကြေးမုံသတင်းစာပါ ကျော်ဦးဆွေ၏ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးဆောင်းပါး ပထမပိုင်းကိုလည်းကောင်း၊ ရုပ်/သံ-၃ ဦးဇော်မင်းထွေးက မတ် ၃၁ ရက်ထုတ် ကြေးမုံသတင်းစာပါ ဆောင်းပါးဒုတိယပိုင်းကိုလည်းကောင်း ဖတ်ကြားဆွေးနွေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က ဆွေးနွေးသည့်ဆောင်းပါးနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဝန်ထမ်းများအား ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာမှုရှိစေရန် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူဆောင်ရွက်သွားကြရန်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

AFC Challenge Cup 2010 ခြေစစ်ဘောလုံးပြိုင်ပွဲ အုပ်စု(က)မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက မက္ကာအိုအသင်းကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဧပြီ ၂၆

၂၀၀၉ခုနှစ် AFC Challenge Cup 2010 ခြေစစ်ဘောလုံးပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာရှိဘန်ကာဘန်ဟုဒ် ဘောလုံးကွင်း၌ ကျင်းပရာ ပွဲဦးထွက်တွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက မက္ကာအိုအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းနှစ်မိနစ်တွင် ခင်မောင်လွင်၊ ၁၅မိနစ်တွင် ရာဇာဝင်းသိန်း၊ ဒုတိယပိုင်း သုံးမိနစ်တွင် ပြည့်ဖြိုးဦးနှင့် ဒုတိယပိုင်း ၁၄မိနစ်တွင် မျိုးမင်းထွန်းတို့က သွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ဧပြီ ၂၈ရက်တွင် အိမ်ရှင်ဘင်္ဂလားဒေ့ရှ် လက်ရွေးစင်ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● **သွေးချိုမှ**

ပါရှိပြီး ယင်းအပ်များကို အာရုံခံကိရိယာဖြင့်တွဲဆက်ကာ အီလက်ထရွန်နစ် နည်းစနစ်အရ ထိန်းချုပ်ထားကြောင်း၊ ခြင်တစ်ကောင်က သွေးစုပ်ယူမှုကို ပုံပမာပြုကာတီထွင်ထားခြင်းဖြစ်သဖြင့် အဆိုပါ သွေးချိုတိုင်းကိရိယာကို "အီလက်ထရွန်နစ်မော်စကွီတို" ဟု အမည်ပေးထားကြောင်း၊ သွေးထဲ၌ သကြားဓာတ်ပါဝင်သည့်နှုန်းကို တိတိကျကျ မှန်မှန်ကန်ကန် စစ်ဆေးပေးနိုင်ကြောင်း သုတေသနအဖွဲ့က ပြောကြားသည်။

ဆီးချိုရောဂါသည်များသည် ဆီးထဲ၌ ပါဝင်သော သကြားဓာတ်အခြေအနေကို စစ်ဆေးရုံမျှဖြင့် မလုံလောက်ကြောင်း၊ သွေးထဲ၌ သကြားဓာတ်ပါဝင်မှု ပမာဏကို သိရှိရန်အရေးကြီးကြောင်း၊ အကြောင်းမှာ နှစ်ကာလကြာလာသော ဆီးချိုသမားတို့၏ သွေးအတွင်း သကြားဓာတ်ပါဝင်မှု ပမာဏ မြင့်တက်နေသော်လည်း ဆီးထဲ၌ သကြားဓာတ်ပါဝင်မှုကိုမပြဘဲ ဖြစ်နေတတ်သောကြောင့်ဖြစ်ကြောင်း သုတေသနအဖွဲ့က ပြောကြားသည်။

နောက်ဆုံးပေါ် သွေးချိုတိုင်း ကိရိယာ၏ စစ်ဆေးတွေ့ရှိချက် ရလဒ်များကို ကွန်ပျူတာ သို့မဟုတ် လက်ကောက်ဝတ်၌ ဝတ်ဆင်ထားနိုင်သော အီလက်ထရွန်နစ် ကိရိယာဖြင့် ချိတ်ဆက်ကာ မှတ်သား သိမ်းဆည်းထားနိုင်ကြောင်း သုတေသနအဖွဲ့က ပြောကြားသည်။

အင်တာနက်။

ကမ္ဘာ့အကြီးဆုံး လေဆာကိရိယာဖြင့် လျှပ်စစ်စွမ်းအင် ထုတ်ယူမည်

စွမ်းအင်သိပ္ပံအင်တာနက်သတင်း

ဘာသာပြန် - စံစံ

ဆန်ဖရန်စစ္စကို ဧပြီ ၂၆

အမေရိကန် သိပ္ပံပညာရှင်များသည် လာမည့်နှစ်နှစ်အတွင်း ကမ္ဘာ့အကြီးဆုံးသော လေဆာကိရိယာကို ဖန်တီးကာ လျှပ်စစ်ဓာတ်အား စွမ်းအင်ထုတ်ယူနိုင်ရန် အထူးဓာတ်ခွဲခန်းတစ်ခန်းကို ထူထောင်လိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် လောရင့်လီဗာမိုး ဓာတ်ခွဲခန်းအတွင်း စူပါလေဆာကိရိယာကို တပ်ဆင်ကာ နျူကလီးယားဖျူးရှင်း စွမ်းအင် (Nuclear Fusion energy) ထုတ်လုပ်မှု ပြုလုပ်နိုင်ရန်ပြင်ဆင်လျက်ရှိကြောင်း အမေရိကန်စွမ်းအင်ဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဓာတ်ခွဲခန်းအတွင်းသာ မိုနျူကလီးယားအသေးစား ပေါက်ကွဲမှုများကို ဖန်တီးကာ စွမ်းအင်ထုတ်ယူခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိဘဲ စွမ်းအင်ထုတ်ယူ နိုင်မည့် နည်းလမ်းကောင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

နျူကလီးယားဖျူးရှင်းနည်း ဖြင့် စွမ်းအင်ထုတ်လုပ်မှုသည် နေမှ စွမ်းအင်ထုတ်လုပ်သည့် နည်းစနစ်နှင့်အလားသဏ္ဍာန်တူညီသဖြင့် ဓာတ်ခွဲခန်းအတွင်း အသေးစားနေလုံးလေး တစ်လုံးကို အတု ဖန်တီးရာရောက်ကြောင်း၊ အသေးစား နေလုံးလေးကိုဖန်တီးပေးမည့် စူပါလေဆာရောင်ခြည်ကိရိယာကို ကမ္ဘာ့အကြီးဆုံး လေဆာရောင်ခြည်ကိရိယာအဖြစ် စွမ်းအင်သိပ္ပံပညာရှင်များက အသိအမှတ်ပြုထားကြောင်း သိရသည်။

နျူကလီးယားဖျူးရှင်း စွမ်းအင်ထုတ်လုပ်ရေးဓာတ်ခွဲခန်းသည် သမားရိုးကျ နျူးကလီးယားဓာတ်ပေါင်းဖိုကဲ့သို့ နျူကလီးယား မတော်တဆမှုများ ဖြစ်ပေါ်နိုင်ခြင်းမရှိကြောင်း၊ ရေဒီယိုသတ္တိကြွ အညစ်အကြေးများကိုလည်း ပေါ်ထွက်စေမည်မဟုတ်ကြောင်း အမေရိကန် စွမ်းအင်ဌာနကပြောကြား သည်။

နေမှ ပေါ်ထွက်လာသော အပူနှင့် အလင်းစွမ်းအင်များသည် နေတွင်ဖြစ်ပေါ်နေသော နျူကလီးယားဖျူးရှင်း နည်းအရ ပေါ်ထွက်လာခြင်းဖြစ်သည်။ နေစကြဝဠာ၏ အလယ်ဗဟိုရှိ နေသည် ပူပြင်းသော ဓာတ်ငွေ့များ၏ ဘောလုံးကြီး သဖွယ်ဖြစ်သည်။ နေ၏ ဒြပ်ထုတွင် ၇၀ ရာခိုင်နှုန်းမှာ ဟိုက်ဒရိုဂျင်ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းမှာ ဟီလီယမ်ဖြစ်သည်။

အင်တာနက်။



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ လောရင့်လီဗာမိုး ဓာတ်ခွဲခန်းအတွင်း စူပါလေဆာကိရိယာကို တည်ဆောက်လျက်ရှိစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်ပိုင်းဒေသများ နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၆

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ရခိုင်ပြည်နယ်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၄ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ပခုက္ကူမြို့တို့တွင် ၄၃ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သံတွဲမြို့တွင် သုညဒသမ ၆၇လက်မနှင့် ကော့သောင်းမြို့တွင် သုညဒသမ ၃၆လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၂၇ရက် ညနေထိ ခန့်မှန်းချက် ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့ နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၈ ဒသမ ၅ဒီဂရီစင်တီဂရိတ် (၁၀၁ ဒီဂရီဖာရင်ဟိုက်)	၂၅-၄-၂၀၀၉

အနိမ့်ဆုံးအပူချိန်

၂၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၄ ဒီဂရီဖာရင်ဟိုက်)		၂၆-၄-၂၀၀၉
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ	၇၁ ရာခိုင်နှုန်း	၂၆-၄-၂၀၀၉
နေပူသည့်နာရီပေါင်း	၈ ဒသမ ၂ နာရီခန့်	၂၅-၄-၂၀၀၉

မြေသားလမ်းသစ် ဖောက်လုပ်ရေး ကွင်းဆင်းကြည့်ရှု

ရန်ကုန် ဧပြီ ၂၆

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဇင်းဘု-သခွတ်ကန်မြေသားလမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်းအတွက် အမှုဆောင်အရာရှိ ဦးသန်းဦးနှင့်အဖွဲ့သည် သခွတ်ကန်ကျေးရွာသို့ ကွင်းဆင်း၍ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံ၍ မြေသားလမ်းဖောက်လုပ်ရေးကိစ္စအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ဟိုပင် ဧပြီ ၂၆

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဟိုပင်ဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို ဧပြီ ၂၀ ရက်က ဆောင်ရွက်ရာ မြို့နယ်တာဝန်ခံ ဦးသိန်းထူးနှင့်တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

နေပြည်တော်မြန်မာ့အသံ

(တနင်္လာနေ့- နံနက်+နေ့လယ်+ည)

(၂၇-၄-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး + နှုတ်ခွန်းဆက်၊ နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (ပုဗ္ဗဏှသုတ်) (ဓမ္မပူဇာတေးပဒေသာ)
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား(လူမှုစီးပွားဘဝမြင့်မားဖို့ပေါင်းစည်းလယ်ယာဆောင်ရွက်စို့)
၁၀း၅၅	တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတို့တွက်တာအလှကမ္ဘာ (လှပဖို့ရာနည်းလမ်းများ)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (အရောင်ကပေးသောခံစားမှု)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း
၁၂း၁၀	တေးပဒေသာ
၁၂း၃၀	အာကစားသတင်းပဒေသာ
၁၂း၅၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၂၀	ဆောင်းပါး (နောင်လာနောက်သား ကောင်းစားဖို့ရာ)
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ဇက်ရိုးကျီးပေါင်းတက်ခြင်း)
၅း၁၀	ဇာနည်စစ်သည်တေးပန်းချီ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	ရေဒီယိုအတိတ်တေးအရိပ် နိုင်ငံရေးဦးတည်ချက်
၇း၂၅	ပြဇာတ်ပဒေသာ
၇း၄၀	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (စတီရီယိုတေးသံရှင် ဆုမွန်ကျော် တို့မိသားစု) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၉း၀၀	သီချင်းကြီး
၉း၁၅	လူမှုရေးဦးတည်ချက် ခံစားနားဆင်မြန်မာတေးသံစဉ်
၉း၃၅	တေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ကျေးဇူးတင်လွှာ

ဆာကူရာအထူးကုဆေးခန်း(ရန်ကုန်)၌ ၂၉-၃-၂၀၀၉ ရက် နံနက် ၆း၂၅ နာရီတွင် သမီးဦးရတနာလေးကို အောင်မြင်စွာခွဲစိတ်မွေးဖွားပေးခဲ့ပါသော သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာသိန်းမြင့်သူ၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဝင်းမောင်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ခင်နှင်းနှင့်တကွ အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ဖေဖေ - မောင်ထွန်းတောက်
မေမေ - မဆွေဇင်မင်း (2nd yr: CNC, WYTU)

မွေးနေ့ဆုတောင်း

၂၇-၄-၂၀၀၉ ရက်တွင် ကျရောက်သည့် ငယ်(သက်ထားစံ)၏ (၂၅)နှစ်မြောက် ငွေရတုမွေးနေ့ မင်္ဂလာရက်မြတ်မှသည် နောက်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့သော ဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေ။

ကို(စိုးမိုး)

LCCI

Level I,II & III Accounting, Management & Marketing Subjects

Management & Accountancy Training (MAT) – LCCI Centre
အမှတ် (၃၅၅)၊ ဒုတိယထပ်၊ သိမ်ဖြူလမ်း၊ Lucky Bird အပေါ်ထပ်၊
(ယခင် သိမ်ဖြူဈေး ဟောင်းနေရာ) မင်္ဂလာတောင်ညွန့်မြို့နယ်၊
ဖုန်း- ၂၄၂၄၃၁၊ ၂၄၆၆၁၈
Discount Available : Before 30 April 2009
Since 1995 MAT Quality & Success

မိုးသောက်ပန်းအဆင့်မြင့်မူကြို

(၁၉၉၄ ခုနှစ်တွင် တည်ထောင်သည်)
(၂)နှစ်မှစ၍ လက်ခံသည်။
ကျောင်းကားရှိသည်။
မြေနီထုန်း၊ စမ်းချောင်း၊ ကျောက်တံတား၊ ဗိုလ်တထောင်
လစ်းမတော်၊ ဗတန်း၊ ရွှေဂုံတိုင်၊ ထားထေတ၊ ဒေါပုံ
သီးသန့်ကားများလည်း စီစဉ်ထားသည်။
ကျောင်းခွဲ(၂) - ဂန္ဓမာ(၅)လမ်း။ ယုဇနပလာဇာအနောက်ဘက်လုံးချင်းအိမ်ရာ။
☎ - ၂၀၀၉၁၇၊ ၀၉-၅၁၂၆၈၈၂
ကျောင်းခွဲ(၃) - အနော်ရထာလမ်း။ ရန်ကင်း ကျောက်ကုန်း ၊
☎ - ၅၆၆၅၉၂၊ ၀၉-၅၀၁၁၁၂၄

ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူ မြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည့်
အောင်ချမ်းမြေ့
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
အမှတ်(၁၆) တတိယလွှာ၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း (တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၀၄၇၅၀၊ ၀၉-၅၀၀၄၀၃၃ (Open 7:00am to 9:00pm)
ပိတ်ရက်မရှိပါ

- ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီးသည်။
- အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ် ထုတ်ပေး၍သင်ကြားမည်။
- ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း၊ ပြည်ပအလုပ်အကိုင် ရရှိရန် ကူညီမည်။ သင်တန်းဆင်းသက်သေခံအောင်လက်မှတ်ထုတ်ပေးမည်။
- သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။
- သက်သာသော နှုန်းထားသာယူသည်။ ဘော်ဒါဆောင်ရှိသည်။ သင်တန်းအပ်လက်ခံနေပြီ။
- တန်းခွဲသစ်တစ်ခုလျှင် (၁၅)ယောက်သာ သတ်မှတ်ထားသည်။

နှစ်လပြတ်အထူးသင်တန်းများ(တစ်ပတ်နှစ်ရက်တည်းသာ)
အပတ်စဉ်(၇၇၇) ၂-၅-၂၀၀၉ စမည်။ စနေနှင့် တနင်္ဂနွေ
အပတ်စဉ်(၇၇၈) ၅-၅-၂၀၀၉ စမည်။ အင်္ဂါနှင့် ဗုဒ္ဓဟူး
သုံးလပြတ်အထူးသင်တန်း(တစ်ပတ်တစ်ရက်တည်းသာ)
အပတ်စဉ်(၇၇၉) ၃-၅-၂၀၀၉ စမည်။ တနင်္ဂနွေတစ်ရက်တည်းသာ။
တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ် ၅ ရက်)
အပတ်စဉ်(၇၈၀) ၄-၅-၂၀၀၉ စမည်။ တနင်္လာမှ သောကြာ နေ့စဉ်
အပတ်စဉ်(၇၈၁) ၇-၅-၂၀၀၉ စမည်။ တနင်္လာမှ သောကြာ နေ့စဉ်
Section(1) 09:00 am to 12:00 pm
Section(2) 01:30 pm to 04:30 pm
Section(3) 06:00 pm to 08:00 pm
(၁၀)ရက်အပြီးအထူးသင်တန်း
အပတ်စဉ်(၇၈၂) ၆-၅-၂၀၀၉ မှ ၁၅-၅-၂၀၀၉ အထိ
09:00 am to 04:30 pm

အသက်ကိုညာဏ်စောင့်သလို
ဥစ္စာကိုကံစောင့်ပါတယ် ...
ခံ-ဓာဏ်ဘို ထွက်ပြီ
၁၃၇၁-ခုနှစ်၊ မြန်မာ့ရိုးရာအဋ္ဌဟောကိန်း
တနင်္ဂနွေ၊တနင်္လာ၊အင်္ဂါ၊ဗုဒ္ဓဟူး၊ရာဟု၊ကြာသပတေး၊သောကြာ၊စနေ
ပင်ရင်းဖြန့်ချိရေး
အမှတ်-(၁၄၀)၊ လမ်း-၄၀(အောက်)၊ ရန်ကုန်မြို့။
☎- ၀၁-၃၇၇၁၇၇၊ ၇၈၉၀၃၂
၀၉ ၈၆၁၀၄၈၈ စာမူခွင့်ပြုချက်-၄၀၀၀၉၉၀၁၀၉
မန္တလေးဖြန့်ချိရေး
အမှတ်-၂၂၁၊၈၄-လမ်းနှင့်၃၃ လမ်းထောင့်၊
မန္တလေးမြို့။
☎- ၀၂-၃၉၇၁၇၊ ၆၀၁၃၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မင်္ဂလာမြို့တော်အိမ်ရာစီမံကိန်း၊ နှင်းဆီလမ်း၊ တိုက်အမှတ်(၁၄)၊ အခန်းအမှတ်(၂)၊ Unit(10) 4 Storey (SHOP HOUSE) ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးအောင်သင်း [၁၃/လရန(နိုင်)၀၀၆၁၉၆]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအောင်ဘော် LL.B, DBL, DML, DIL
ဒေါ်အေးအေးစိုး B.Sc, Hon (IC), HGP, R.L, D.B.L
တရားရုံးချုပ်ရှေ့နေများ
အမှတ်-၂၇(က)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 294866, HP: 09-5017044, 294766

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

ရန်ကုန် ဧပြီ ၂၆

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမြင့်ရွှေနှင့် ကော်မတီဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်မသုံးစွဲရနေ့ ဖြစ်သည့် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း၊ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ယာဉ်လိုင်စင်(ဝိုးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်မောင်းနှင်ခြင်းရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာခြင်းရှိ-မရှိတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ညနေပိုင်း ထမင်း၊ ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုရန်၊
(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များငြိမ်းသတ်ထားရန်၊
(ဂ) မီးသည် သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆ အထူးသတိပြုသုံးစွဲရန်၊

ဆရာဦးအောင်ဟိန်း၏
အင်္ဂလိပ်စကားပြောသင်တန်းများ

- ထသွားထလာအင်္ဂလိပ်စကား (၃-လ)
- နိုင်ငံခြားသွားအမြန် (၁-လ)
- စားသောက်ဆိုင်သုံးအင်္ဂလိပ်စကားပြော (၂-လ)

FUTURE ENGINEERING GROUP ဒုတိယထပ်၊ (၃၈) လမ်းဈေးပလာဇာ၊ ၃၈ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ ☎ 723365, 09 5155373

MDG Co., Ltd. ၏ ကံစမ်းမဲဖွင့်လှစ်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၆

MDG Co., Ltd. (Myanmar Distribution Group Co., Ltd.) က အရောင်းကုန်သည်ကြီးများအား မြန်မာနှစ်ကူး ကျေးဇူးတုံ့ပြန်ခြင်း အစီအစဉ်၏ ကံစမ်းမဲဖွင့်လှစ်ခြင်း အခမ်းအနားကို ယမန်နေ့ ညပိုင်းက ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ MDG Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းက အရောင်း ကုန်သည်ကြီးများအား မြန်မာနှစ်ကူး ကျေးဇူးတုံ့ပြန်ခြင်း အစီအစဉ်၏ ကံစမ်းမဲဖွင့်လှစ်ခြင်း အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် MDG Co., Ltd. မန်နေဂျင်း ဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်များ၊ တက်ရောက်လာသော မီဒီယာများက ကံစမ်းမဲများကို ရွေးချယ်ပေးကြသည်။

Myanmar Distribution Group Co., Ltd. မှ ၂၀၀၉ ခုနှစ် မတ်လနှင့် ဧပြီလများတွင် ပြုလုပ်ခဲ့သော အရောင်း ကုန်သည်ကြီးများအား မြန်မာနှစ်ကူး ကျေးဇူးတုံ့ပြန်ခြင်း အစီအစဉ် ၏ ကံစမ်းမဲ ကျပ်သိန်း ၁၀၀၀ ဖိုး ဖွင့်လှစ်ပေးခဲ့ပြီး ကျပ် ၂၅ သိန်း တစ်ဆု၊ ကျပ် ၁၅ သိန်း ငါးဆု၊ ကျပ် ၁၀ သိန်း ငါးဆု၊ ကျပ် ငါးသိန်း ၃၀ ဆု၊ ကျပ်သုံးသိန်း ၅၀ ဆုနှင့် ကျပ်တစ်သိန်း ၅၅၀ ဆုတို့ကို မဲနှိုက်ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

Myanmar Distribution Group Co., Ltd. မှ Gold Roast ကော်ဖီမစ်၊ Calsome ကွေကာ၊ Royal Myanmar တီးမစ်၊ Gold Roast Gold ကော်ဖီ၊ Ben Cafe ကော်ဖီမစ်၊ Fresh-up လီမွန်တီး၊ Calsome Plus ကွေကာ၊ Calsome Plus စတော်ဘယ်ရီကွေကာ၊ Calsome Plus ချောကလက်ကွေကာတို့ကို ထုတ်လုပ်လျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

MDG Co.,Ltd. (Myanmar Distribution Group Co.,Ltd.)က အရောင်းကုန်သည်ကြီးများအား မြန်မာနှစ်ကူး ကျေးဇူးတုံ့ပြန်ခြင်း အစီအစဉ်၏ ကံစမ်းမဲဖွင့်လှစ်ခြင်း အခမ်းအနားကို ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ရှောင်တခင်စစ်ဆေး

ရန်ကုန် ဧပြီ ၂၆

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မွန်ပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေအေး၊ ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင် စစ်ဆေးရေး တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူး မြင့်အေးတို့ ဦးဆောင်သော ပူးပေါင်းအဖွဲ့ (စစ်ဆေးရေး)သည် မော်လမြိုင်မြို့နယ်သို့ ဝင်/ထွက် ခရီးသည်တင်ကားများနှင့် မော်တော်ဆိုင်ကယ်များအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ပြေးဆွဲမောင်းနှင်ခြင်း ရှိ၊ မရှိ စစ်ဆေးမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြသည်။

အဆိုပါအဖွဲ့သည် မွန်ပြည်နယ် ၁၀ မြို့နယ်တို့မှ ဆိုင်ကယ်များ၊ နယ်ကျော်ဝင်လာသည့် မော်တော်ယာဉ်များနှင့် မြို့တွင်းပြေးဆွဲသည့် မော်တော်ယာဉ်များအား ယာဉ်စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ထားခြင်း ရှိ၊ မရှိကို ဧပြီ ၆ ရက်မှ ဧပြီ ၁၇ ရက်ထိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ စည်းကမ်းမဲ့မော်တော်ဆိုင်ကယ် ၆၈စီးတို့ကို ဖမ်းဆီးအရေးယူ၍ မော်လမြိုင်မြို့နယ် တရားရုံး(အထူး) သို့ တရားစွဲ တင်ပို့ခဲ့သည်။

မော်လမြိုင်မြို့နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက မြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရေးအတွက် စီမံဆောင်ရွက်မှုများကြောင့် မော်လမြိုင်မြို့နယ်အတွင်း ယာဉ်တိုက်သေဆုံးမှု လုံးဝမဖြစ်ပွားခဲ့ကြောင်း သိရသည်။ (၃၀၇)

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် မော်လမြိုင်မြို့နယ် တာဝန်ခံယာဉ်ထိန်း ဒုတိယရဲမှူး မြင့်အေးနှင့်အဖွဲ့ မော်လမြိုင်မြို့ပေါ်၌ပြေးဆွဲလျက်ရှိသော ခရီးသည်တင် ဘတ်စ်ကားလိုင်းများကို ယာဉ်စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ ရှောင်တခင် စစ်ဆေးစဉ်။ (၃၀၇)

ထာဝရ ငြိမ်းချမ်းပါစေ ဇွဲကပင်မြေ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
မောင်မောင်ထွေး(သတင်းစဉ်)

ဖထီးတို့၊ အမိုးတို့၊ ဖိုးခွားတို့၏ သာစွဌာနီ ကရင်ပြည်နယ်သို့ ကျွန်တော်တို့ သတင်းအဖွဲ့ တတိယအကြိမ်မြောက် လေ့လာရေးခရီးတစ်ခေါက် ရောက်ခဲ့ကြပြန်ပါသည်။

ယခုခရီးစဉ်၌ ကော့ကရိတ်ခရိုင် ထို့ကော်ကိုး ကျေးရွာသည်လည်း အပါအဝင်ဖြစ်ခဲ့၍ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို တစ်ပါတည်း လေ့လာခွင့်ရခဲ့ပါသည်။

ထို့ကော်ကိုးဒေသသည် ယခင်က အများသိကြသည့်အတိုင်း မငြိမ်းချမ်းခဲ့။ သို့မို့ကြောင့် တည်ငြိမ်အေးချမ်းမှု ကင်းဝေးခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်မှုများသည်လည်း နောက်ကျကျန်ရစ်ခဲ့ရသည်။

သို့ဖြစ်လင့်ကစား ဒေသခံတိုင်းရင်းသားပြည်သူတို့၏ ငြိမ်းချမ်းရေး ဆုတောင်းပတ္ထနာပြုမှုနှင့်အတူ ထို့ကော်ကိုးဒေသ၏ ငြိမ်းချမ်းရေးရောင်နီဦး အလင်းရောင်သည် အမှောင်ကိုခွင်း၍ ထွင်းဖောက်လင်းလက်လာခဲ့ပေသည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ထိန်မောင်နှင့်အဖွဲ့သည် ကရင်ပြည်နယ် ငြိမ်းချမ်းရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမှန်တကယ် ဆောင်ရွက်နိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် KNU အဖွဲ့မှ ခွဲထွက်ကာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပါသည်။

ဖထီးထိန်မောင်ဦးဆောင်သော အဖွဲ့ဝင်များအား နိုင်ငံတော်အစိုးရနှင့် ပြည်သူအပေါင်းက လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြပြီး ထို့ကော်ကိုးကျေးရွာ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ချက်ချင်းအားချင်း ဆောင်ရွက်ပေးခဲ့ကြသည်ကို ပြန်လည်အမှတ်ရမိပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

ငြိမ်းချမ်းခြင်း၊ ပေါင်းစည်းခြင်း အားမာန်သစ်တို့နှင့်အတူ ပေါ်ထွန်းလာသော သံလွင်တံတား (ဘားအံ)ကို တွေ့ရစဉ်။

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် မေ ၂၆

ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံဘက်ဆီသို့ အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မိုးရွာစဉ် တစ်နာရီ ၃၅ မိုင်မှ မိုင် ၄၀ အထိ မိုးသက်လေပြင်းများ တိုက်ခတ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

ချောက်
၄၄ ဒီဂရီစင်တီဂရိတ်

မင်းဘူး
၄၃ ဒီဂရီစင်တီဂရိတ်

မကွေး
၄၃ ဒီဂရီစင်တီဂရိတ်

ပခုက္ကူ
၄၃ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

သံတွဲ
၀ ဒသမ ၆၇ လက်မ

ကော့သောင်း
၀ ဒသမ ၃၆ လက်မ

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror — *အင် တာ နက် နည်း ပညာ သိ ပ္ပံ သ တင်း*

သွေးချိုတိုင်းကိရိယာသစ် သိပ္ပံပညာရှင်များတီထွင်

ဘာသာပြန်
သတင်းလုလင်

တိုရွန်တို မေ ၂၆

သွေးချိုတိုင်းတာမှုကို အလွယ်တကူ ပြုလုပ်ပေးနိုင်သော ကိရိယာသစ်ကို ကနေဒါနိုင်ငံမှ သိပ္ပံပညာရှင်များ တီထွင်ထားကြောင်း၊ "အီလက်ထရွန်နစ်မော်စကွီတို" (Electronic Mosquito) ဟု အမည်ပေးထားသော အဆိုပါ ကိရိယာကို မကြာမီ ဈေးကွက်တင် ရောင်းချမည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင်ဖော်ပြသည်။

မိမိ၏ သွေးအတွင်း သကြားဓာတ် မည်မျှရှိနေသည်ကို သိရှိရန် နေ့စဉ်ဆီးချက်စစ်ဆေးရသည့် အလုပ်မှာ ဆီးချိုဝေဒနာရှင်များအတွက် အမြဲပင် စိတ်ရှုပ်စရာကောင်းကြောင်း၊ သို့ဖြစ်၍ သိပ္ပံပညာရှင်များက လူနာကိုယ်တိုင် အလွယ်တကူ အသုံးပြုနိုင်သော သွေးချိုတိုင်းကိရိယာများကို ဆန်းသစ်တီထွင်လျက်ရှိကြောင်း ကနေဒါနိုင်ငံရှိ ကယ်ဂါရီတက္ကသိုလ်မှ လျှပ်စစ်အင်ဂျင်နီယာများ ပါဝင်သော သုတေသနအဖွဲ့က ပြောကြားသည်။

နောက်ဆုံးပေါ် သွေးချိုတိုင်းကိရိယာတွင် အလွန်သေးငယ်လှသော အပ်ကလေး လေးချောင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

ဆီးချိုဝေဒနာရှင်တစ်ဦး၏ သွေးအတွင်းရှိ သကြားဓာတ်ပမာဏကို သိရှိနိုင်ရန် သွေးချိုတိုင်းကိရိယာဖြင့် စစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*